# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 24 October 2025 ၁၁၉၈၀


### ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၃

---

**သင်အလိမ်မခံချင်လျှင် စာဖတ်ပါ**

ဆောင်းပါး စာမျက်နှာ » ၆




### ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ဧက ၁၃၂၈၀ ထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နှမ်းစိုက်ဧက ၁၅၇၄၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့အထိ ဧက ၁၃၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐



သီပေါမြို့ ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ပြည်သူ့ဆေးရုံအား ပြန်လည်ဖွင့်လှစ်၍ ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့ ပြည်သူ့ဆေးရုံကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး သီပေါမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



# ဘက်စုံပညာရေးဖြင့် ပညာရည်မြှင့်တင် နိုင်ငံကြီးသားဖြစ်အောင်ပြုစုပျိုးထောင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် အေးချမ်းသာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ယူနိုင်ရေး မိဘ၊ ဆရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များ ရှိခဲ့ခြင်းကြောင့် ဒေသအချို့၊ ပြည်သူအချို့တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အားနည်းမှုများရှိနေသည်ကို တွေ့မြင်နေရပြီး အဆိုပါဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်နေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ကလေးသူငယ် လူငယ်လူရွယ်များသည် အနာဂတ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို အကောင်း၊ အဆိုးဖန်တီးနိုင်သူများဖြစ်၍ ပညာသင်ကြားဆည်းပူးရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဦးစွာ အရွယ်ရောက်သူကလေးသူငယ်တိုင်း ကျောင်းနေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူလေးများကိုလည်း အချိန်မတိုင်မီ ကျောင်းထွက်ရမှု လျော့ပါးပြီး တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားစေရေး၊ တန်းစဉ်အလိုက် စာပေအသိပညာ အတတ်ပညာများ တတ်မြောက်အောင်သင်ကြားပေးရေး၊ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်ပြီး ကိုယ်ပိုင်ဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်တတ်သည့်၊ တည်ဆောက်တတ်သည့် လူငယ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အောက်တိုဘာ ၂၁ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား "စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့်နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးလည်းဖြစ်ရန်လိုကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့်အတိုင်း မိမိတို့၏ တပည့်ကျောင်းသားကျောင်းသူများကို ကျောင်းစည်းကမ်းများ လိုက်နာခြင်းမှအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

ကျောင်းသား ကျောင်းသူများသည် မိဘများထက် ဆရာများ၏ သွန်သင်ဆုံးမမှုအောက်တွင် အချိန်ကြာရှည် ဖြတ်သန်းကြရသူများဖြစ်၍ ဆရာများသည် ဒုတိယမိဘများဟုခေါ်ဆိုလောက်အောင် အရေးကြီးသည်။ ပညာတတ်မြောက်ရေးအတွက်သာမက အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးတို့ကို မှန်ကန်စွာခွဲခြားနားလည်နိုင်ရန် သွန်သင်ဆုံးမပေးကြရမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏အနာဂတ်သည် ဆရာ ဆရာမများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာပေါ်တွင် တည်မှီနေခြင်းကြောင့် ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရှိသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များ လွဲမှားနေပါက အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးခြင်း၊ နက်နဲသောသဘောသဘာဝကို ပြောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများသည့်နေရာကို တိုက်တွန်းခြင်းတို့နှင့် ပြည့်စုံရမည့်အပြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ နာလေးနာဖြင့် ပညာပြည့်ဝနလုံးလှအောင် သင်ကြားပြသပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ဂုဏ်တင့်တယ်ရေးအတွက် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ ဗလငါးတန်ပြည့်စုံရေး၊ နိုင်ငံကြီးသားပီသရေးသည် အလွန်အရေးကြီးသဖြင့် နိုင်ငံတော်က ပညာရေးကို အားပေးမြှင့်တင်ပေးနေချိန်တွင် အရည်အချင်းပြည့်ဝသည့် ဒုတိယမိဘ ဆရာ ဆရာမများက ပညာပြည့်ဝသည့် လူချွန်လူကောင်းများ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်




မြစ်ကြီးနား အောက်တိုဘာ ၂၃

ကချင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သားဒေါင်းလွမ်း(ငြိမ်း)အား အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက ဂါရဝပြု နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သားဒေါင်းလွမ်း(ငြိမ်း)ထံ ဂါရဝပြု ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၃ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁,၁၇၄ | ၉,၉၇၉,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၄,၄၇၈ | ၁၅,၂၂၅,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂,၄၀၀ | ၂,၃၀၀ | ၃,၈၅၉ | ၈,၉၁၁,၆၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၄၀ | ၁၁၄,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၂,၀၀၉ | ၃,၆၄၆,၂၅၀ |
| AMATA | ၃,၅၀၀ | ၃,၅၀၀ | ၁၁ | ၃၈,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁၁၇ | ၃၈၆,၀၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၁,၀၀၀ | ၂,၇၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကား ပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် အလုပ်အကိုင်ရရှိရေးအတွက်ဖြစ်ကြောင်း၊ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်သူများဆိုသည်မှာ တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရားဝင်နုတ်ထွက်ခွင့် ရရှိခဲ့ကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင်သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများဖြစ်ပါကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးက လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်လျက်ရှိပြီး ယခုဤကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်းတွင်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် လုပ်ငန်းတာဝန် ၈ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ကော်မတီ၏ လုပ်ငန်းတာဝန်ပါ အချက်များနှင့်အညီ စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှု၊ လက်မှုအတတ်ပညာများကို အဆင့်မီစွာ တတ်မြောက်အောင်သင်ကြားလေ့ကျင့်ပေးရေး၊ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းမှ အသိအမှတ်ပြု လက်မှတ် (Certificate of Recognition) ထုတ်ပေးရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များကို အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အသိအမှတ်ပြု၍ အလုပ်နေရာ ခန့်ထားဆောင်ရွက်ပေးရေး၊ ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းအလုပ်သမားကတ် (Labour Card) ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်သမားကတ် (OWIC–Overseas Worker Identification Card) ထုတ်ပေးခြင်း၊ Agency များနှင့် ဆက်သွယ်၍ အလုပ်အကိုင် ရှာဖွေပေးခြင်းများကို အလုပ်သမား ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတာဝန် မထမ်းဆောင်မီ ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သီပေါမြို့ ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။

**❂ ရှေ့ဖုံးမှ**

သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် သီပေါမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက် ကလေးငယ် ၃၅၀ ကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အစည်းအဝေးတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud De Baecque နှင့် ဥပဒေရေးရာညှိနှိုင်းရေးမှူး Ms. Samindika Dilani Elkaduwe တို့အား ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျီနီဗာကွန်ဗင်းရှင်းများအား ဥပဒေရေးရာဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) အဖွဲ့တို့ ပူးပေါင်း၍ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ဥပဒေပိုင်းဆိုင်ရာ စိစစ်မှုများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးနှင့် အခြားသက်ဆိုင်ရာဌာနများပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဒုတိယစစ်ဥပဒေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)သည် ၂၀၂၅ မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့်အခြေအနေများ၊ လက်ရှိအခြေအနေများအရ မူအားဖြင့် ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့်စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့် စက်ရုံနှင့်ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်၍ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ကန်များ တည်ဆောက်ထားရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ RON အရည်အသွေးနိမ့်သောစက်သုံးဆီများအား RON 92, RON 95 နှင့် RON 98 များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား Digital Control စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး စက်သုံးဆီများကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနေမှု၊ စက်ရုံသို့ ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောဖြန့်ဖြူးခြင်းများအတွက် ပိုက်လိုင်းသွယ်တန်း၍ Control Station မှ စောင့်ကြည့်ထိန်းချုပ်နေမှု အခြေအနေများကို လေ့လာကြည့်ရှုသည်။

ကြည့်ရှုလေ့လာစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်ရုံတွင် လက်ရှိအသုံးပြုလျက်ရှိသော Control System ကို Digital စနစ်သို့ ပြောင်းလဲအသုံးပြုလိုသည့်အခြေအနေ၊ စက်ရုံရှိ Laboratory အား အဆင့်မြှင့်တင်လိုမှု၊ မိမိတို့ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်ရုံသို့ စေလွှတ်၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ယူလိုမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ ကုမ္ပဏီ၏ ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့က နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် RON68များအားအဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးနိုင်ရန် အဆင်သင့်ရှိပါကြောင်း ပြန်လည်ဆွေးနွေးသည်။

မကြာမီကာလအတွင်း ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်အဖွဲ့ တစ်ဖွဲ့ကို မြန်မာနိုင်ငံရှိ ရေနံချက်စက်ရုံသို့ စေလွှတ်၍ ဖြစ်နိုင်ခြေဆန်းစစ်မှုများ လေ့လာဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအပေါ် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ကျောက်မီးသွေး၏ အရည်အသွေးနှင့် ပြည့်မီစွာ စဉ်ဆက်မပြတ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Clean Coal Technology (CCT) ကဲ့သို့သော အဆင့်မြင့်နည်းပညာများအသုံးပြု၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျောက်မီးသွေးထွက်ရှိသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုပါက ပြည်သူများ အနေဖြင့် ချိုသာသောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်မည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဆိုင်ရာ ကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန်ဖိတ်ခေါ်ခဲ့ပြီး အဆင့်မြင့်နည်းပညာများကို စနစ်တကျလွှဲပြောင်းရရှိရေး၊ Human Resources (HR) မြင့်မားစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသည် ထိုက်ချန်းမြို့၏ မြို့ပြဧရိယာအတွင်း၌ပင် တည်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် မွန်ပြည်နယ်အတွင်းရှိ လမ်းလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်နှင့်အတူ ယမန်နေ့က မွန်ပြည်နယ်အတွင်း တည်ဆောက်လျက်ရှိသည့် လမ်းလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန မော်လမြိုင်မြို့နယ် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မော်လမြိုင် (ဟသ်ာအိုင်း)-ကျိုက်မရော လမ်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို တာဝန်ခံအင်ဂျင်နီယာ၊ ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အုတ်စီရေမြောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းဘေး ဝဲ/ယာ သစ်ပင်များ စိုက်ပျိုးထားရန်၊ လမ်းဆုံနေရာများအတွက် Design အား ရုံးချုပ်သို့ တင်ပြသွားရန်၊ လုပ်ငန်းများအား စီမံချက်အတိုင်းပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားကာ လမ်းတစ်လျှောက် အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလိုင်းကနိုင်-ကျောက်တလုံး လမ်းတစ်လျှောက်အား ကြည့်ရှုစစ်ဆေးပြီး အေးကိုကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော မော်လမြိုင်-သံဖြူဇရပ် လမ်းပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ၂၄ ပေ အကျယ်နိုင်လွန်ကတ္တရာလမ်းအား ၃၆ ပေ အကျယ်ပြည့်မီရန် ကတ္တရာလမ်းချဲ့ခင်းခြင်း၊ Box Culvert တံတားသုံးစင်းအား ၄၈ ပေ အကျယ်ပြည့်မီရန် တိုးချဲ့တည်ဆောက်ခြင်း၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက AADT သတ်မှတ်ချက်နှင့်အညီ သတ်မှတ်လမ်းအကျယ်ရရှိအောင် ဆောင်ရွက်ရန်၊ လမ်းပေါက်များ မရှိစေရေး လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များ သတ်မှတ်ချက်များနှင့်အညီ စိုက်ထူဆောင်ရွက်ထားရန်မှာကြားပြီး လမ်းအသုံးပြုခကောက်ခံနေသည့် တိုးလ်ဂိတ်နှင့် ယာဉ်သွားလာမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်း (ရန်ကုန်-နေပြည်တော်ပိုင်း) မိုင်တိုင် ၁၆၇/ ၁ မှ ၁၇၆/၂ ကြား မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပေး/ သတိပေး ဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❒ ပွင့်ဖြူမြို့နယ်မှ**

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ နှမ်းစိုက်ပျိုးခြင်းကို အောက်တိုဘာလ ပထမပတ်ကစပြီး စိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၁၃၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်တာနဲ့ပတ်သက်ပြီး တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ကြီးကြပ်ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြည်ပသွင်းကုန် အစားထိုးအနေဖြင့် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း စသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကာ ထွက်ရှိလာသော ဆီများကို ဈေးကွက်အတွင်း ဖြည့်တင်းရောင်းချပေးနိုင်ရန် ရည်ရွယ်ပြီး ဆီထွက်သီးနှံများကို ကြိုးပမ်းစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်


**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၅ ရက်**

**သာ လိုတော့သည်။**

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောစီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲ လုပ်ငန်းအစီအစဉ်များအတွင်း ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNRCO ရုံးမှ ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းကုန်းမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းပညာပေး ဆွေးနွေး



**ကျောင်းကုန်း အောက်တိုဘာ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်နွယ်က ပြည်ပပို့ကုန်သီးနှံများဖြစ်သည့် ဆန်၊ ပဲတီစိမ်းနှင့် မတ်ပဲများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများ မပါရှိစေရေးအတွက် ပိုးသတ်ဆေးကို စနစ်တကျကိုင်တွယ်အသုံးပြုနိုင်စေရေး ရှင်းလင်းပြောကြားသည်။

အဆိုပါနည်းပညာပေးဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများ၊ တံခွန်တိုင်၊ ဖြိုက်၊ ဇရပ်ကွင်း၊ ကညင်သုံးဆင့်၊ ကိုင်းတာကျေးရွာများမှ တောင်သူ ၄၇ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

**ကော့သောင်း အောက်တိုဘာ ၂၃**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ယုဇနဆီအုန်းကုမ္ပဏီ၌ နေထိုင်လျက်ရှိသော ဆီအုန်းခြံလုပ်သားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID (Smart Card)များ ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ခမောက်ကြီးမြို့ ယုဇနဆီအုန်းကုမ္ပဏီ၌ နေထိုင်လျက်ရှိသော ဆီအုန်းခြံလုပ်သား ၂၇၈ ဦးအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် လိုအပ်သည့် အချက်အလက်များအား စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ မှတ်ပုံတင်(လဲလှယ်)သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်၍ UID (Smart card)များ တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဦးစီးမှူး ဦးသန့်ဇင်၊ ခမောက်ကြီးတပ်နယ် ဒုတပ်မမှူး ဗိုလ်မှူးကြီး ကျော်မြင့်ဦး၊ ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇေဦးတို့က ကြည့်ရှုအားပေးပြီး ကာယကံရှင်များထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်UID ကတ်ပြားများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# သင်အလိမ်မခံချင်လျှင် စာဖတ်ပါ

**စာဖတ်ပရိသတ်တစ်ဦး**

**စာအုပ်စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပစာဆိုပညာရှင်ကြီးများ၏ အဆိုအမိန့်များစွာရှိပါသည်။ လက်လှမ်းမီရာ စာဆိုပညာရှင်ကြီးများ၏ အဆိုအမိန့်များအနက် စာရေးဆရာ၊ သတင်းစာဆရာကြီး သခင်အောင်ဖေ၏ "သင်အလိမ်မခံချင်လျှင် စာဖတ်ပါ" ဟူသော အဆိုအမိန့်ကို မှတ်မှတ်ထင်ထင် သဘောကျမိသည်။**

ထိုအဆိုအမိန့်ကား မည်သည့်ခေတ်မဆို ခေတ်တွေ ဘယ်လိုပြောင်းပြောင်း ဟောင်းနွမ်းသွားခြင်းမရှိပါ။ အထူးသဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် မာယာ၊ သာဋ္ဌေယျာ၊ ပလီစိချောက်ချက် လိမ်လည်လှည့်ဖြားမှုများ တင်းကျမ်းပြည့်နေသော မျက်မှောက်ကာလတွင် ပိုလို့ပင် ခေတ်မီဆန်းသစ်နေသည်။

ဆရာကြီးရွှေဥဒေါင်းက တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်တွင် **"ဘာစာမှမဖတ်သော လူတစ်ယောက်သည် သေးငယ်သောအရေးအရာကို ရောမကိစ္စကြီးအနေဖြင့် မြင်တတ်၍ တအံ့တဩပြောခြင်းမျိုးကို ကြုံရဖူးသည်"**ဟူ၍ ဆိုဘိသကဲ့သို့ စာပေဗဟုသုတမရှိသူများသည် သူတစ်ပါး၏ လိမ်လည်လှည့်ဖြားမှုများကို အဟုတ်ထင်ယုံမှတ်၍ အလိမ်ခံကြရလေသည်။

စာအုပ်စာပေ လေ့လာဖတ်ရှု၍ စာပေဗဟုသုတရှိသူများအဖို့မူ သူတစ်ပါး၏ ပြုမူပြောဆိုမှုများကို ဟုတ်၏ မဟုတ်၏၊ ဖြစ်နိုင် မဖြစ်နိုင်၊ သဘာဝ ကျ မကျ၊ သူ့ဥ္စာရှိသမျှသော ဉာဏ်လေးဖြင့် စဉ်းစား၊ ဝေဖန်၊ သုံးသပ်နိုင်ပါသည်။

ဆရာကြီးရွှေဥဒေါင်းက တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်တွင် "ဘာစာမှမဖတ်သော လူတစ်ယောက်သည် သေးငယ်သောအရေးအရာကို ရောမကိစ္စကြီးအနေဖြင့် မြင်တတ်၍ တအံ့တဩပြောခြင်းမျိုးကို ကြုံရဖူးသည်" ဟူ၍ ဆိုဘိသကဲ့သို့ စာပေဗဟုသုတမရှိသူများသည် သူတစ်ပါး၏ လိမ်လည်လှည့်ဖြားမှုများကို အဟုတ်ထင်ယုံမှတ်၍ အလိမ်ခံကြရလေသည်။

စာအုပ်စာပေ လေ့လာဖတ်ရှု၍ စာပေဗဟုသုတရှိသူများအဖို့မူ သူတစ်ပါး၏ ပြုမူပြောဆိုမှုများကို ဟုတ်၏ မဟုတ်၏၊ ဖြစ်နိုင် မဖြစ်နိုင်၊ သဘာဝကျ မကျ၊ သူ့ဥ္စာရှိသမျှသော ဉာဏ်လေးဖြင့် စဉ်းစား၊ ဝေဖန်၊ သုံးသပ်နိုင်

### ဘာသာရေးစာပေအချို့ကို လေ့လာဖတ်ရှု

ကျွန်တော်သည် ဖခင်ကြီး၏ကျေးဇူးဖြင့် ဆယ်ကျော်သက်အရွယ်ကတည်းက ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်ဝတ္ထုမှသည် မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါးတရားတော်များ၊ ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါးကျေးဇူး၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စသည်ဖြင့် ဘာသာရေးစာပေအချို့ကို လေ့လာဖတ်ရှုခဲ့ဖူးသည်။

ထိုထိုသော ဘာသာရေးစာပေအချို့ကို လေ့လာဖတ်ရှုမှတ်သားခဲ့ဖူး၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မလျော်ညီမှုများကို ဉာဏ်မီသမျှ ရှောင်ရှားနိုင်ခဲ့ပါသည်။ မှတ်မိသေးသည်။ တစ်ခါက မိသားစုများနှင့် ဘုရားဖူးသွားသည့် ခရီးတစ်ခုတွင် ဘုရားပရိဝုဏ်အတွင်းရှိလူတစ်ဦးက "ဆယ့်တစ်မီးငြိမ်းအောင် မောင်းဆယ့်တစ်ချက်လာတီးကြ"ဟူသော ဆော်ဩမှုနှင့်အတူ ဘုရားဖူးများသည် မောင်းဆယ့်တစ်ချက်တီးရန် တန်းစီစောင့်စားနေကြသည်။

"မောင်းဆယ့်တစ်ချက်တီးလို့ ဆယ့်တစ်မီးငြိမ်းစတမ်းဆိုရင် မြတ်စွာဘုရားရှင်လည်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီ ဘယ်ဖြည့်မှာလဲ၊ မောင်းဆယ့်တစ်ချက်ပဲ တီးတော့မှာပေါ့" လူပုံအလယ်တွင် အလိုက်မသိပြောတတ်ဆိုတတ်သော ကျွန်တော်၏ ဝေဖန်စကားကြောင့် ဖခင်ကြီးက မျက်နှာရိပ်၊ မျက်နှာကဲဖြင့် တားမြစ်လေတော့သည်။ လူရှင်းသည့်အခါမှ ဖခင်ကြီးက "လူကြားထဲမှာ မပြောရဘူး၊ ကိုယ်သိရင် ကိုယ့်စိတ်ထဲမှာပဲထားရန်" ဆုံးမသွန်သင်လေတော့သည်။ သို့သော် အဖေ့မျက်နှာကား ပြုံးလို့နေပါသည်။

ဆိုရလျှင် ဘာသာရေးစာပေများ၏ ကျေးဇူးကြောင့် ကျွန်တော်သည် ကျွန်တော့်မှာ ရှိသမျှသော ဗဟုသုတဉာဏ်လေးဖြင့် ဘာသာရေးအမှုကိစ္စများတွင် ထေရဝါဒနှင့်ညီ မညီ၊ ဘုရားဟောဟုတ် မဟုတ်၊ စာပေကျမ်းဂန်နှင့်ညီ မညီ သုံးသပ်ချိန်ထိုးနိုင်ခဲ့ပါသည်။

ပရိယတ္တိစာတတ်ပေတတ် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏တရားကို နာယူမှတ်သားခြင်းလည်းမရှိ၊ ဓမ္မစာပေများကို လေ့လာမှတ်သားဖူးခြင်းမရှိဘဲ ဆရာအတင်မှားပြီး အယူလွဲမှား ဖောက်ပြန်ပါက သံသရာနှင့်ချီ၍ နစ်နာပေလိမ့်မည်။ ထို့အတူ သုတ၊ ရသစာပေ ဗဟုသုတချို့ငဲ့ပါကလည်း ဘဝနှင့်ချီ၍ ဆုံးရှုံးနစ်နာပါလိမ့်မည်။ မျက်မှောက်ကာလတွင် အထူးသဖြင့် နိုင်ငံရေးနယ်ပယ်ပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမျှပင် တီးခေါက်လေ့လာမှုမရှိဘဲ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်မိပါလျှင် နိုင်ငံရေးသမားအမည်ခံ ကိုယ်ကျိုးရှာသူများ၏ အသုံးချခံသက်သက်ဖြင့် ဘဝနှင့်ချီ၍ နစ်နာဆုံးရှုံးတတ်ပါသည်။

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်တွင်လည်း အတွေ့အကြုံနုနယ်သော လူငယ်အချို့သည် အစွန်းရောက်နိုင်ငံရေးသမားများ၏ ဒီမိုကရေစီနှင့်ဖက်ဒရယ်ဟူသောစကားလုံးများအပေါ် နားယောင်ကာ အသုံးချခံသက်သက် ဖြစ်ခဲ့ကြရပြန်သည်။

အလားတူ လွတ်လပ်ရေးရပြီးစကတည်းက ကျဉ်းမြောင်းသော လူမျိုးရေး၊ ဘာသာရေး၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့အပေါ် အခြေပြု၍ လက်နက်စွဲကိုင်ကာ စစ်ဘုရင်ဝါဒကို ကျင့်သုံးနေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကလည်း စာပေဗဟုသုတနှင့် ဘဝအတွေ့အကြုံနုနယ်သော လူငယ်များကို အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ကြပြန်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အနာဂတ်အကျိုးစီးပွားကို လျစ်လျူရှုပြီး မင်းသားကြီးမလုပ်ရ ပတ်မကြီးထိုးဖောက်လေ့ရှိသော ငို့ဘနိုင်ငံရေးသမားအချို့၏ ဝါဒမှိုင်းများကြောင့် မြန်မာနိုင်ငံတွင် "တော်လှန်ရေး"ဟူသော ဝေါဟာရစကားလုံးသည် အတွေ့အကြုံနုနယ်သော လူငယ်များကို ခေတ်အဆက်ဆက် ဆွဲဆောင်လျက်ရှိပေသည်။

### တော်လှန်ရေးဆိုတာ

တော်လှန်ရေး၏ သဘောသဘာဝနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင် "ဘာလဲတော်လှန်ရေး။ အကြမ်းပတမ်းလုပ်တာတိုင်း တော်လှန်ရေးလား၊ မဟုတ်ဘူး။ အဖျက်လုပ်ငန်းဆိုတာတိုင်း တော်လှန်ရေးလား၊ မဟုတ်ဘူး။ လုပ်ချင်တိုင်း လုပ်လို့ရသလား၊ မဟုတ်ဘူး။ ဘာရည်ရွယ်ချက်နဲ့လဲ။ ဘယ်လိုလဲ၊ လဲ လဲ လဲ။ အဲဒီလို 'လဲ'တွေအမျိုးမျိုးနဲ့ ကျွန်တော်တို့စဉ်းစားကြစို့။ တစ်ရံရောအခါက ဒီမေးခွန်းကို ကျွန်တော် ဒီလိုဖြေခဲ့တယ်။

"တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွှဲမရှောင်သာလို့လည်း လိုတယ်။ ဖြစ်ပျက်ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက်အလက်တွေနဲ့ အခြားတစ်လမ်းဖြစ်တဲ့ အခြောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကမ်းလို ရမ်းလို့မဖြစ်ဘူး၊ တစ်ဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထုထကြွမှု ဖျက်ဆီးရုံအလုပ်ကိုလည်းလက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးအကျယ်ဆုံး ပြုပြင်ဖန်တီးတတ်တဲ့ သတ္တိရှိပါတယ်။ တော်လှန်ရေးရဲ့အခြေခံရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီးလွတ်လပ်မှုဖြစ်ပါတယ်။ တော်လှန်ရေးရဲ့အခြေခံအုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေးဖြစ်ပါတယ်။ တော်လှန်ရေးအောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့နိုးကြားထကြွမှု တစ်နည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွံ့ဖွံ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည်နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော်ဖြေခဲ့တယ်"ဟူ၍ မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတဟောင်း ဒေါက်တာမောင်မောင်ကလည်း တော်လှန်ရေး၏ သဘောသဘာဝနှင့်စပ်လျဉ်း၍ - - -

"တော်လှန်ရေးဟူသည် -

ဆန္ဒစောခြင်း၊ စိတ်အားထက်သန်ခြင်း၊

အယူမှန်ခြင်း၊ အယူမှားခြင်း၊

မေတ္တာကြီးမားခြင်း၊ ပြင်းထန်စွာ မုန်းတီးခြင်း၊

စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဆောင်ပုဒ်စကားများ၊

ရဲရဲတောက်လုပ်ဆောင်ချက်များ၊ စွန့်စားခြင်းများ

စသည်တို့ဖြင့် ရောထွေးပြွမ်းတီး၍သာ နေပေသည်။

နှစ်ပေါင်းများစွာကြာပြီးမှသာလျှင် တော်လှန်ရေးတစ်ရပ်၏အဓိပ္ပာယ် ထင်ရှားစွာပေါ်လွင်တတ်သည်။

သမိုင်းကသာ တော်လှန်ရေးကို မှတ်ကျောက်တင်နိုင်သည်"ဟူ၍ သူ၏ကိုယ်ရေးမှတ်စုတွင် ရေးသားခဲ့ပါသည်။

လွတ်လပ်ရေးရပြီးစကတည်းက ကျဉ်းမြောင်းသော လူမျိုးရေး၊ ဘာသာရေး၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့အပေါ် အခြေပြု၍ လက်နက်စွဲကိုင်ကာ စစ်ဘုရင်ဝါဒကို ကျင့်သုံးနေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကလည်း စာပေဗဟုသုတနှင့် ဘဝအတွေ့အကြုံနုနယ်သော လူငယ်များကို အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ကြပြန်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အနာဂတ်အကျိုးစီးပွားကို လျစ်လျူရှုပြီး မင်းသားကြီးမလုပ်ရ ပတ်မကြီးထိုးဖောက်လေ့ရှိသော ငို့ဘနိုင်ငံရေးသမားအချို့၏ ဝါဒမှိုင်းများကြောင့် မြန်မာနိုင်ငံတွင် "တော်လှန်ရေး"ဟူသော ဝေါဟာရစကားလုံးသည် အတွေ့အကြုံနုနယ်သော လူငယ်များကို ခေတ်အဆက်ဆက် ဆွဲဆောင်လျက်ရှိ

သို့ဆိုလျှင် မြန်မာလူငယ်မောင်မယ်များအနေဖြင့် တော်လှန်ရေး၏ သဘောသဘာဝနှင့်ပတ်သက်၍ ဆဝါးမှန်းဆ၊ ချိန်ထိုးသုံးသပ်နိုင်ပါမည်။ ထို့အတူ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ဒေသအချို့မှ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများက အတိတ်ကာလကဲ့သို့ပင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက်နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံ့ဝန်ထမ်းနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ကိုယ်တွေ့ တွေ့ကြုံခံစားခဲ့ကြရသည့်အလျောက် ကြာကြာဝါးမှ ခါးမှန်းသိလာခဲ့ကြသည်။

သို့နှင့်အမျှ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး ထိန်းချုပ်ထားသည့် မြို့ရွာ၊ ဒေသများကို တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိမှုအပေါ် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ၊ ဝမ်းပန်းတသာဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

လွတ်လပ်ရေးရပြီးစ တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန် ကာလတွင်လည်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများက ကျဉ်းမြောင်းသောနိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်မှုများဖြင့် ဖြူးမြို့၊ ပခုက္ကူခရိုင် ထီးလင်းမြို့နယ်ဆင်စွယ်ရွာနှင့် မြစ်ဝကျွန်းပေါ်ဒေသအပါအဝင် ကျေးလက်၊ မြို့ရွာများမှ ဒေသခံပြည်သူအချို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြဖူးသည်။

ထိုခေတ် ထိုကာလတွင်လည်း တပ်မတော်ကပင် အဆိုပါဒေသမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရပါသည်။

စာရှုသူမိတ်ဆွေ . . .

ဆိုရှယ်မီဒီယာမှ အလိမ်အညာများအပါအဝင် နယ်ပယ်စုံမှ လိမ်လည်လှည့်ဖြားမှုများနှင့် ကင်းဝေးလိုပါသလား။

သင်အလိမ်မခံချင်လျှင် စာဖတ်ပါ။

အင်္ဂလိပ်လူမျိုး စာပေပညာရှင်ကြီး Francis Bacon ကလည်း **"စာဖတ်ခြင်းဖြင့် ပြည့်ဝသော လူတစ်ယောက်ဖြစ်လာနိုင်သည်"**ဟု မိန့်ဆိုခဲ့သည် မဟုတ်ပါလား။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်စံပြကျေးရွာသို့ သွားရောက်၍ စက်ချုပ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီး တစ်ပိုင်တစ်နိုင် စက်ချုပ်လုပ်ငန်းလုပ်ကိုင်နေကြသည့် သင်တန်းသူများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းအရင်းအနှီးရရှိရေးတို့အတွက် ထောက်ပံ့ပေးလျက်ရှိသော စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တစ်ပိုင်တစ်နိုင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော သင်တန်းသူငါးဦး၏ လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက်



တစ်ဦးလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သုံးသိန်းစီ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူစားရိပ်သာကို ကြည့်ရှုစစ်ဆေးပြီး ရက်ကန်းနှင့် အထည်အလိပ်ကျွမ်းကျင်သူ (၁) နှစ်သင်တန်း၊ လက်ရက်ကန်း (၆)လသင်တန်း တက်ရောက်နေကြသော သင်တန်းသူများအတွက် ဆန်၊ ဆီစားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ ကျောင်းအုပ်ဆရာမကြီး၊ နည်းပြဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ လက်ရက်ကန်း (၆) လသင်တန်း တက်ရောက်နေသည့် သင်တန်းသူများ၏ လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာသို့ သွားရောက်၍ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း RBF ရန်ပုံငွေဖြင့် မွေးမြူရေးအစုအဖွဲ့လေးဖွဲ့ စုဖွဲ့ကာ ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၃ မိုင် ၆ ဖာလုံအနက် ၂ ဖာလုံကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖို ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာသို့ သွားရောက်၍ မိတ္ထီလာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ငါးသင်းနှင့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း တစ်သင်းမှ အသင်းသားတောင်သူများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဒေါ်ကေသီကျော်၏ လယ်မြေ နှစ်ဧကတွင် TBL-195 ချည်မျှင်ရှည်ဝါမျိုး စိုက်ပျိုးထားမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကြာကန်ဗိမာန်တော်၌ ကျင်းပသည်။

နည်းပညာ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ ပိုးသတ်ဆေးဆိုင် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများ၊ စိုက်ပျိုးရေးသွင်းအားစု ရောင်းချသည့် အရောင်းကုမ္ပဏီများ၊ အရောင်းဆိုင်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်သွယ်မှုပြုနေသူများ၊ နိုင်ငံခြားကို တင်ပို့ရောင်းချနေသူများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအားလုံး ပူးပေါင်း ဆောင်ရွက်မည်ဆိုပါက ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သည့် စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရောင်းချနိုင်မည်ဖြစ်ကာ အောင်မြင်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်လုပ်မည့် တိုက်ရိုက်မျိုးစေ့ချ ကိရိယာများအကြောင်းကို တက်ရောက်လာသူများအား ရှင်းလင်းပြသသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ အင်းဆက်ဖျက်ပိုးများ ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံရောဂါများ ဘက်စုံကာကွယ်ရေး နည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံဖျက်ပေါင်းပင်များ ဘက်စုံကာကွယ်ရေး နည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာ စီမံခန့်ခွဲမှုနည်းလမ်းများနှင့် ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုနည်းများနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲရေးအကြောင်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ညှိနှိုင်းစည်းဝေး

**ပဲခူး အောက်တိုဘာ ၂၃**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိရိုးဖလာစိုက်နည်းစနစ်များ အချိန်မီပြောင်းလဲနိုင်ရေး ဆောင်ရွက်ပေးသွားရန်၊ ဆီထွက်သီးနှံများဖြစ်သည့် နေကြာနှင့် နှမ်းသတ်မှတ်ဧက ပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ သီးညှပ်စိုက်ဧကလျှော့ချပြီး သီးထပ်ဧကတိုးတက်စေရေး ဆောင်ရွက်သွားရန်၊ နှစ်ရှည်သီးနှံ စိုက်ဧကများတွင် ရှိဘက်စတာကော်ဖီနှင့် ကိုကိုးစိုက်ပျိုးရေး စည်းရုံးဆောင်ရွက်သွားရန်၊ ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးနှင့် အသားငါး ဖူလုံပိုလျှံစေရေး လအလိုက် သတ်မှတ်မွေးမြူရမည့် စီမံချက်ပါအတိုင်း အပြည့်အဝမွေးမြူနိုင်ရေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေး အသိပညာပေးခြင်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက မိုးသီးနှံစိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှု၊ ဆောင်းသီးနှံစိုက်ပျိုးမည့်စီမံချက်များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၃

စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှု ဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ၊ စက်မှုဝန်ကြီး ဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသ ကြီး/ပြည်နယ်များမှ စက်ရုံမှူးများ၊ စိုက်ကွင်းစိုက်ခြံ တာဝန်ခံများ၊ စက်မှုသင်တန်းကျောင်း ကျောင်းအုပ် ကြီးများနှင့် တာဝန်ရှိသူများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး က အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် တားဆီး ကာကွယ်ရေးကဏ္ဍမှအသိပညာပေးရေးလုပ်ငန်းများ ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ကဏ္ဍစုံ၊ ထောင့်စုံမှ ကျယ်ပြန့်စွာ ဆောင်ရွက်နေ သည်ကို သိရှိရကြောင်း၊ အဂတိလိုက်စားမှုတစ်ခု သည် တစ်ဦးတစ်ယောက်၏ အပြုအမူမှ စတင် သော်လည်း အဖွဲ့အစည်းတစ်ခုလုံး၏ ဂုဏ်သိက္ခာကို ဖျက်ဆီးနိုင်သဖြင့် စက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက် နေသူများသည် ကိုယ်ကျင့်တရား၊ တာဝန်ခံမှု၊ သန့်ရှင်းမှုရှိရေးတို့ကို အမြဲလိုက်နာရန် လိုအပ် ကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် ယခု ဆွေးနွေးပွဲမှရရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက် ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရန် တိုက် တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံ သားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်မယ်သစ်လွင် အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၃

ဆေးတက္ကသိုလ်များ၏ အလုပ်သင်ဆရာဝန် လေ့ကျင့်သင်ကြားရေး ဆေးရုံကြီးများတွင် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်နေသူ မောင်မယ်သစ်လွင် အလုပ်သင်ဆရာ ဝန်များကို ကြိုဆိုပွဲအား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ Semi-virtual စနစ်ဖြင့် ကျင်းပသည်။

ကြိုဆိုပွဲတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အလုပ် သင် ဆရာဝန်သင်တန်းကာလ သည် သင်ယူတတ်မြောက်ထား သော ဆေးပညာရပ်ဆိုင်ရာ အသိ ပညာများကို လက်တွေ့ကျကျ အသုံးချပြီး လူနာများကို ကျန်းမာ ရေးစောင့်ရှောက်မှုပေးနိုင်မည့် အချိန်ကာလ ဖြစ်ပါကြောင်း၊ ထို့အပြင် အလုပ်သင် ဆရာဝန်များ မဖြစ်မနေ တတ်မြောက်ထား ရမည့် လက်တွေ့ကျွမ်းကျင်မှု (Procedural Skills) များကို မိမိ တို့ ဆရာ ဆရာမများ၊ အတွေ့ အကြုံရှိသော လုပ်ဖော်ကိုင်ဖက် များထံမှ စာတွေ့ရော၊ လက်တွေ့ (Hands on Training)ပါ သေချာ စွာ ဆည်းပူးလေ့လာနိုင်မည့် ကာလလည်း ဖြစ်ပါကြောင်း။

အလုပ်သင်ဆရာဝန် ကာလ ပြီးဆုံးပါက ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက် ထမ်းဆောင်ကြရမည်ဖြစ်သည့် အတွက် မိမိတို့၏ ဆေးပညာ ပိုမို တိုးတက်လာအောင် ဘွဲ့လွန် သင်တန်းများကို ဆက်လက် တက်ရောက်နိုင်ရေး ကြိုးစားကြရ မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန် ထမ်းဆောင်ကြမည့် (သစ်လွင်) ဆရာဝန်များအတွက် လုပ်သက် သတ်မှတ်ချက်မရှိဘဲ တက်ရောက် နိုင်သော ဘွဲ့လွန်သင်တန်း ၁၁ မျိုးအပါအဝင် ဘွဲ့လွန်သင်တန်း ၁၄၄ မျိုးကို ဖွင့်လှစ်ထားပြီး ပြည်တွင်းဘွဲ့လွန်သင်တန်းများ သာမက ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များမှ ဘွဲ့လွန် သင်တန်းများကိုပါ တက်ရောက် ခွင့်ပြုထားပါကြောင်း ကြိုဆိုနှုတ် ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီနာယက ပါမောက္ခ ဒေါက်တာခင်မောင်အေးက ဆေး ပညာရပ်ဆိုင်ရာကျင့်ဝတ်များနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ကြိုဆိုပွဲသို့ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ဆေးကောင်စီမှ နာယကကြီးများ၊ ဒုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၏ ဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ထို့အတူ ကြိုဆိုပွဲသို့ အလုပ်သင် ဆရာဝန်များက Virtual စနစ်ဖြင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၃၀၂ ဦး၊ ဆေး တက္ကသိုလ် မန္တလေးမှ အလုပ်သင် ဆရာဝန် ၂၈၁ ဦး၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ၃၃၄ ဦး၊ ဆေးတက္ကသိုလ် မကွေးမှ ၁၆၆ ဦး၊ ဆေးတက္ကသိုလ် တောင်ကြီးမှ ၁၀၄ ဦး တက်ရောက် ကြပြီး In person စနစ်ဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ၅၃ ဦးစုစုပေါင်း ၁၂၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေး

ညောင်တုန်း အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့အမှတ်(၃)ရပ်ကွက် လမ်းမတော်လမ်းရှိမြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊မြို့နယ်လျှပ်စစ် အဖွဲ့မှ တာဝန်ရှိသူများပူးပေါင်းကာ ယနေ့မွန်းလွဲပိုင်းက အသိပညာပေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ် ဦးစီးမှူး ဦးမျိုးမင်းသူနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း အဖွဲ့က မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင် ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက် များကို အသိပညာပေးမှာကြားခြင်းနှင့်ဈေးဆိုင်များအတွင်း၌ လျှပ်စစ် သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေး တားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှု အခြေအနေများ စစ်ဆေးကာ လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အသိပညာ ပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရှောဦးသာ**



# ဝေါမြို့နယ်၌ မိခင်နှင့်ကလေးကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ဝေါ အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ကာ မိခင်နှင့်ကလေး ကျန်းမာရေး အသိပညာပေးဟော ပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးကျန်းမာ ရေးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဆုဝေကျော် က ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင်များအား ကိုယ်ဝန်ဆောင်စဉ် အာဟာရ ပြည့်ဝစွာစားသုံးရေး အသိပညာပေးခြင်း၊ ကိုယ်ဝန်ဆောင် များတွင် ဖြစ်ပွားတတ်သော သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ အကြောင်း အသိပညာပေး ဟောပြောပြီး မြို့နယ်ကုသရေး ဦးစီးဌာနမှ သွားဆရာဝန် ဒေါက်တာ ထက်ထက်စံက



ကိုယ်ဝန်ဆောင်များတွင် ဖြစ်ပွား သော သွားပိုးစားခြင်းရောဂါ အကြောင်း အသိပညာပေးခြင်း၊ စနစ်မှန်သွားတိုက်နည်းသရုပ်ပြ ခြင်းနှင့် သွားကျန်းမာရေးစစ်ဆေး ပေးခြင်းတို့ကိုဆောင်ရွက်ပေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် ကုသရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ် ဆက်လက်လက်ခံ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှု ယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထု အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍထိခိုက်နစ်နာမှုမရှိစေရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန် အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍



သီပေါမြို့၌ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၄၃၆ ဦး ထပ်မံလာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၁၅၅ ဦးအထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

ယင်းအပြင် သီပေါမြို့သို့ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲ ဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၂ ဦးတို့အား တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှဆရာဝန်များနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများက အဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ သီပေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှဒေသခံပြည်သူများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက် ကလေး ၃၅၀ တို့အား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၂၃**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ကျောက်တန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရွှေမော်ဝန်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



**အသိပညာပေး ဟောပြော**

အခမ်းအနားတွင် မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သန်းဦးက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး ဟောပြောပွဲတွင် စာရေးဆရာ သန်းဝင်းထွန်း(ဆွာ)က စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း( ကျောက်တန်း)**



# မြင်းခြံတက္ကသိုလ်၌ သုတေသနစကားဝိုင်းဆွေးနွေး

မြင်းခြံ အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ "ဒေသဖွံ့ဖြိုးရေး သုတေသနဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီးက အဖွင့်အမှာစကားနှင့် သုတေသနစကားဝိုင်း ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သုတေသနစကားဝိုင်းကိုကျင်းပရာ "Humanity and Social Science" ဘာသာရပ်များဆိုင်ရာစကားဝိုင်းနှင့် "Natural Science" ဘာသာရပ် များဆိုင်ရာစကားဝိုင်းများကို ဆရာကြီး ဆရာမကြီးများက ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **ချစ်ဦးနွေ(မြင်းခြံ)**

# ဒလမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ဒလ အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားလူငယ်စကားဝိုင်း၊ ကဗျာရွတ်ဆို ပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက အထက(ခွဲ) ခနောင်ချောင်းဝကျောင်း မြမာလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရွှေလှိုင်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်သီတာဂင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အာဃာတ၊ လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစားစသည့် ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးနှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၃

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး (၃/၂၀၂၅)နှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဝင် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က စီမံခန့်ခွဲရေးကော်မတီအနေဖြင့် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေရိုင်းဥပဒေနှင့်အညီ ခွင့်ပြုပေးနိုင်သည့်ကိစ္စရပ်များကို အမြန်ဆုံး ဆုံးဖြတ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားရယူခွင့်ပြု ပေးလျက်ရှိကြောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည့် ကိစ္စရပ် များကိုလည်း အမြန်ဆုံး စိစစ်ထောက်ခံတင်ပြ ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေကို ခွင့်ပြု မိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေး အတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မည့် စံပြု လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များက စိစစ်တင်ပြရန်လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးက လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅) ဆုံးဖြတ်ချက် များကို ဖတ်ကြားအတည်ပြုပြီး ပြည်နယ်ဝန်ကြီး ချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရ သည်။ **မောင်မောင်သန်း(တောင်ကြီး)**



# တန့်ယန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

တန့်ယန်း အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိနိုင်ရေး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက မိုင်းပတ်ကျေးရွာ တောင်သူဒေါ်နန်းဆိုင်ဟွမ်၏ လယ်မြေ၌ ကျင်းပ သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှစိုးဝင်းနှင့် တာဝန်ရှိသူများ၊ မိုင်းပတ်ကျေးရွာမှ တောင်သူများ တက်ရောက်ကြပြီး စစ၁ မိုးစပါးမျိုး ကောင်း၊ သင့်၊ ညှိ စံကွက်များကို ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအစို ၁၂၀ ဒသမ ၆၀ တင်း၊ အခြောက် ၁၀၂ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

# ပင်လောင်းမြို့နယ်၌ နေကြာသီးနှံမျိုးစေ့ထုတ်စံပြကွက် နည်းပညာပေး ကွင်းသရုပ်ပြ

ပင်လောင်း အောက်တိုဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ နေကြာသီးနှံမျိုးစေ့ ထုတ် စံပြကွက် နည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်း က တကူမို့ကျေးရွာ ဦးခွန်လှဆောင် စံပြနေကြာစိုက်ခင်း၌ ပြုလုပ် သည်။



ကွင်းသရုပ်ပြပွဲတွင် ပင်လောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက စိုက်ပျိုးရေး တောင်သူများအား သီးနှံများစိုက်ပျိုးရာ၌ သီးနှံပင် များပေါ်တွင် ကျရောက်တတ်သည့် ရောဂါများနှင့် ပိုးမွှားများကာကွယ် နှိမ်နင်းရေး၊ သီးနှံအထွက်နှုန်း တိုးစေရေး နည်းစနစ်များနှင့် ကွင်းသရုပ်ပြပွဲ၏ ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြပွဲသို့ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် တကူမို့ကျေးရွာမှ စိုက်ပျိုးရေး တောင်သူ ၈၀ တက်ရောက်ကြပြီး တောင်သူများအား စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူ များက ဆေးဖျန်းချိန်တွင် အသုံးပြုရန် ကာကွယ်ရေးဝတ်စုံ များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟင်္သာတမြို့နယ်၌ ဆင်းသုခစပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

ဟင်္သာတ အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကံလှကျေးရွာ အမှတ် (၂) မြို့ရှောင်လမ်းဘေးရှိ တောင်သူ ဦးကိုငွေးပိုင် လယ်မြေရှစ်ဧက၌ စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြုလုပ်သည်။



အခမ်းအနားသို့ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးကော်မတီအတွင်းရေးမှူး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစောဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တစ်ဧကလျှင် စပါးအစို ၁၀၅ ဒသမ ၆ တင်းနှင့် စပါးအခြောက် ၁၀၂ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ဇလွန်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

ဇလွန် အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် တောင်ပို့တရာကျေးရွာ အုပ်စုတွင် ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုကို ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန် ရှိသူများက ယမန်နေ့ ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက တောင်ပို့တရာကျေးရွာအုပ်စုရှိ ပြုံးပန်းတရာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၏ ဆောင်းသီးနှံ(ပဲပုပ်၊ ငရုတ်) စိုက်ပျိုးသည့် တောင်သူများနှင့်တွေ့ဆုံ၍ ဆောင်းသီးနှံ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် သမဝါယမအသင်းသား ဦးစိုးခိုင်၏ စိုက်ခင်းအတွင်း ရွက်ဖျန်းဆေးပက်ဖျန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ဆောင်းဆီထွက်သီးနှံ မျိုးစေ့ပေးအပ်ပွဲ ကျင်းပ



မြောင်းမြ အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မိုးစပါးစံကွက်ရိတ်သိမ်း ခြင်းနှင့် ဆောင်းဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်မျိုးစေ့ ပေးအပ်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းက ကန်ကြီးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်ကော်မတီဝင်များက တောင်သူ ဦးခင်မောင်ဝင်း၏ လယ်မြေရှစ်ဧကတွင် အောင်နိုင်တိုးစပါး စံပြကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးခြင်းနှင့် ဆောင်းဆီထွက်သီးနှံ(နေကြာ၊ ပဲပုပ်) မျိုးစေ့ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားကို မြောင်းမြခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်ကော်မတီဝင် များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**✻ ဘိုင်ယန်မြူးနစ်မှ**

လီဗာပူးအသင်းဟာ ဖရန့်ဖက်အသင်းရဲ့ အိမ်ကွင်းမှာ ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ဘီဘာအိုအသင်းက ကာရာဘတ် အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းက အီတလီစီးရီးအေ ကလပ် ဂျူဗင်တပ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂါလာတာစာရေးအသင်းက ဘိုဒိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အတ္တလန္တာအသင်းနဲ့ ဆလာဗီယာပရက်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ မိုနာကိုအသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ စသည်ဖြင့် ရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**





# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီ ယဲဗ်နာ့ဗင်နီကော့ဗာနှင့်အဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ထိုသို့ ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးနှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက အတူလိုက်ပါ၍ ရှင်းလင်းပြသကြသည်။

ဦးစွာ ပုဂံမြို့ဟောင်းရှိ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်သို့ ရောက်ရှိရာ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထို့နောက် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ အနုလက်ရာများ၊ မြင်းကပါကျေးရွာရှိ မြစေတီဘုရား၊ ရွှေစည်းခုံစေတီတော်ကြီး၊ ရာဇကုမာရ်ကျောက်စာ၊ မြင်းကပါ ဂူပြောက်ကြီးဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် နန်းမြင့်မျှော်စင်တို့ကို စိတ်ဝင်တစား သွားရောက်လေ့လာကြသည်။

ယင်းနောက် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ရှိ မြန်မာ့ရိုးရာယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာကြပြီး ထီးလိုမင်းလိုဘုရား၌ ပုဂံဒေသ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့နယ်စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲနှင့် မြို့နယ်စာရေးဆရာအသင်းဝင်များအား ထောက်ပံ့လှူဒါန်းပွဲကျင်းပ

**ပြည် အောက်တိုဘာ ၂၃**

ပြည်မြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်များကန်တော့ပွဲနှင့် မြို့နယ်စာရေးဆရာ အသင်းဝင်များအား ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားကြီး ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပြည်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင်-ယဉ်ဝေလွင်(ပြည်)က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး သက်ကြီးစာပေပညာရှင် သုံးဦးအား ဩကာသကန်တော့ချီးဖြင့် အသင်းဝင်များက ကန်တော့ကြသည်။ ထို့နောက် ပြည်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင်-ယဉ်ဝေလွင်(ပြည်)က ဝက်ထီးကန် မြို့နယ် သစ်ချိုပင်ရွာ လရောင်လမ်း စာကြည့်တိုက်အသစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ဆယ်သိန်း လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးအောင်သစ် (နှောင်းသစ်ချို)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ်စာရေးဆရာအသင်းဝင် ၃၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်တို့ကို ပြည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင်-ယဉ်ဝေလွင်(ပြည်) နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နှင်းဆီရွှေတို့က လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# သန်လျင်မြို့နယ်ရှိ ကုလားတန်းချောင်းကူးတံတား တည်ဆောက်နေမှု ကွင်းဆင်းကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဌာနမှဆောင်ရွက်သော ကရင်ဆိပ်ကျေးရွာ ကုလားတန်းချောင်းကူးတံတား ပေ ၂၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ် တာဝန်ခံတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**သန်းဝင်း(သန်လျင်)**

# ရွှေပြည်သာမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၃**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ် အမှတ် (၇) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ) ရွာသာကြီးမှ စစ်ဆေးရေးမှူး(၃) ဦးဇာနည်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း ရှင်းလင်းဟောပြောခဲ့သည်။



ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၅၀ တို့ကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး ပြသထားသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **နေမျိုးထွန်း(ရွှေပြည်သာ)**

# မြောင်းမြမြို့တွင် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



**မြောင်းမြ အောက်တိုဘာ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရတီထူးဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝင်းပက ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါပြဋ္ဌာန်းချက်များ၊ အခွန်အမျိုးအစားနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် တည်ဆဲအခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဘဏ္ဍာအခွန်တိုးတက်ကောက်ခံရရှိရေး အဖွဲ့ဝင်များနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၁၈ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ- မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စုစုပေါင်းပြည်ပနိုင်ငံသား ၁၁၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်မှအောက်တိုဘာလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၆၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်နှင့် ရေယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ်သုည ဒသမ ၂၁၆ တန်၊ အခြားသစ် ၁ ဒသမ ၃၅၆ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၅၅၆၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် မြစ်သားမြို့နယ်၊ သာစည်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်တွင် မုတ္တမဆိပ်ကမ်း (ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၅၅ မျိုး၊ စားသောက်ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၄၇၅၁၈၇၁၂၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Musk ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေ ၄၂၄၀၀၆၅၂၂ ကျပ်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၈၉၉၁၉၃၆၄၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အမှုတွဲဖွင့်လှစ်**

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာအောက်တိုဘာ ၂၁ ရက်တွင် ဝေါမြို့ရှောင်ကွင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၁၀၀၀၀၀ ကို လည်းကောင်း၊ ထားဝယ်မြို့နယ် ပုံကျွန်းရပ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၄)မှု (ခန့်မှန်းတန်ဖိုးငွေ ၅၀၂၀၇၈၉၂၀၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင် ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူး၌ အိန္ဒိယသံရုံး ပြန်လည် ဖွင့်လှစ်မည်



နယူးဒေလီ အောက်တိုဘာ ၂၃

အိန္ဒိယအစိုးရက အာဖဂန်နစ္စတန်နိုင်ငံ၌ ၎င်း၏ သံရုံးကို ပြန်လည်ဖွင့်လှစ်ရန် ယနေ့ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့ အာဏာသိမ်းပြီး ၂၀၂၁ ခုနှစ်မှစ၍ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ရပ်ဆိုင်းထားခဲ့သည်။ အိန္ဒိယသံရုံးပြန်လည်ဖွင့်လှစ်သည့် ဆုံးဖြတ်ချက်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေမည့် အိန္ဒိယနိုင်ငံ၏ သန္နိဋ္ဌာန်ကို အလေးပေးခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်းလည်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက မြို့တော်နယူးဒေလီ၌ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျေရှန်ကာနှင့် တာလီဘန်အုပ်ချုပ်ရေးအဖွဲ့တို့ တွေ့ဆုံပြီးနောက် ယခုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျေရှန်ကာက ကဘူးလ်မြို့တော်၌ အိန္ဒိယသံရုံးဖွင့်လှစ်မည့် ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးမြှင့်တင်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ၏စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ထိုင်းအစိုးရက တရုတ်ခရီးသွားများအတွက် ဘေးကင်းရေးအစီအမံများ လုပ်ဆောင်လျက်ရှိ

ဗန်ကောက် အောက်တိုဘာ ၂၃

ထိုင်းအစိုးရသည် တရုတ်ခရီးသွားများအတွက် အလွန်အရေးပါသော ဘေးကင်းရေး အစီအမံများကို လုပ်ဆောင်လျက်ရှိကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ လက်ထောက်အမြဲတမ်းအတွင်းဝန် ဝါနီဒါ ဖန်ဆက်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဗန်ကောက်မြို့တော်၌ ကျင်းပသည့် တရုတ်ခရီးသွားများ ဘေးကင်းစေရေး အစည်းအဝေးတွင် နိုင်ငံတစ်ဝန်း၌ ခရီးသွားဝန်ဆောင်မှုစင်တာ ၇၉ ခုပါရှိသည့် ကွန်ရက်တစ်ခုကို ဖန်တီးပြုလုပ်ထားကြောင်း ၎င်းက ပြောကြားကြသည်။



အဆိုပါအစည်းအဝေးသို့ ခရီးသွားရဲဗျူရို၊ လူဝင်မှုကြီးကြပ်ရေးဗျူရိုနှင့် လေဆိပ်အာဏာပိုင်တို့ အပါအဝင် ထိုင်းဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အကူအညီလိုအပ်သော ခရီးသွားများအနေဖြင့် အရေးပေါ်ဖုန်းနံပါတ် ၁၁၅၅ သို့မဟုတ် အရေးပေါ် အခြေအနေသတင်းပို့ရန် ထိုင်းခရီးသွားရဲဌာန၏ အက်ပလီကေးရှင်းသို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

အထင်ကရ ခရီးသွားနေရာများတွင် စောင့်ကြည့်ကင်မရာများစွာ တပ်ဆင်ကာ ခရီးသွားများ၏ လုံခြုံရေးကို အလေးပေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားသားခရီးသွားများအတွက် ခရီးသွားအာမခံ အစီအစဉ်များကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုင်းအစိုးရအနေဖြင့် တရုတ်ခရီးသွားများအတွက် လုံခြုံရေးပိုမိုခိုင်မာသော အစီအမံများ ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ အတိုင်ပင်ခံနှင့် ကောင်စစ်ဝန်ချုပ် ဝူကျန်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွားများ ပိုမိုဆွဲဆောင်ရန် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ဆန္ဒရှိကြောင်းလည်း ဝူကျန်းက ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ကိုးလအတွင်း ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ၃ ဒသမ ၄၂ သန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံ၌ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍအတွက် လျှပ်စစ်ဓာတ်အားခ လျှော့ချကောက်ခံမည်

အစ္စလာမာဘတ် အောက်တိုဘာ ၂၃

ပါကစ္စတန်နိုင်ငံရှိ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍအတွက် လျှပ်စစ်ဓာတ်အားခလျှော့ချကောက်ခံမည့်အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် လက်ဆောင်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် နိုဝင်ဘာလမှ ၂၀၂၈ ခုနှစ်အောက်တိုဘာလအထိ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ၂၂ဒသမ ၉၈ ရူပီးကို ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စိုက်ပျိုးရေးအတွက် လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ၃၈ ရူပီး ကောက်ခံပြီး စက်မှုလုပ်ငန်းအတွက် ၃၄ရူပီးကောက်ခံသည်။ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားခများလျှော့ချကောက်ခံခြင်းဖြင့် ထုတ်လုပ်မှုများ မြင့်တက်လာမည်ဖြစ်ကြောင်း ရှာဗတ်ရှာရစ်က ပြောကြားသည်။

နိုင်ငံအတွင်း ပြီးခဲ့သည့်နှစ် ဆောင်းရာသီကာလက ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးအစီအစဉ်ကြောင့် စက်မှုလုပ်ငန်းနှင့် လယ်ယာကဏ္ဍတွင် လျှပ်စစ်ဓာတ်အား အများအပြားသုံးစွဲနိုင်ခဲ့ကာ စိုက်ပျိုးသီးနှံများ အများအပြားစိုက်ပျိုးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်ခဲ့ခြင်းကြောင့် အနာဂတ်ကာလတွင် နိုင်ငံ့စီးပွားရေးကို ပိုမိုကောင်းမွန်လာမည်ဟု ၎င်းက ပြောသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေး ကြိုးပမ်းမှုအဖြစ် ဆည် ၁၅ခု တည်ဆောက်

ဂျကာတာ အောက်တိုဘာ ၂၃

အင်ဒိုနီးရှားနိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေးကြိုးပမ်းမှုအဖြစ် ဆည် ၁၅ခုကို ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံအတွင်း ဆည်များနှင့် စိုက်ပျိုးရေပေးသည့်စနစ်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ရေရှည်အကျိုးအတွက် ရည်ရွယ်ဆောင်ရွက်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီး ဒိုဒီဟန်ဂိုဒိုက ပြောကြားသည်။ ဆည်များနှင့် စိုက်ပျိုးရေပေးသည့်ကွန်ရက်များကို တည်ဆောက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုများလာကာ လယ်သမားများ၏ လူမှုစီးပွားဘဝများ ချောင်လည်လာမည်ဟု ၎င်းက ပြောသည်။ ယခုတည်ဆောက်နေသည့် ဆည် ၁၅ခုကို ၂၀၂၉ ခုနှစ် မတိုင်မီ ပြီးစီးရေးဆောင်ရွက်မည်ဖြစ်ကာ ယင်းဆည်များပြီးစီးပါက စိုက်ပျိုးရေပေးနိုင်သည့် မြေဧရိယာသည် ၂၆၃၀၅၅ဟက်တာအထိရှိမည်ဖြစ်ပြီး သီးနှံစိုက်ပျိုးနိုင်သည့်မြေဧရိယာသည် ၄၈၃၁၆၃ဟက်တာအထိ ရှိလာမည်ဖြစ်ကြောင်းနှင့် တစ်နှစ်လျှင် သီးနှံတန်ချိန် ၂ဒသမ ၃၄သန်းအထိ စိုက်ပျိုးနိုင်မည်ဟု သိရသည်။


ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# အမေရိကန် နည်းပညာကုမ္ပဏီကြီး အမေဇုန်က ကုန်ပစ္စည်းထုပ်ပိုးမှုနှင့် ပို့ဆောင်ရေး စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်သည့် ဉာဏ်ရည်တုနည်းပညာသုံး စနစ်သစ်တစ်ခု ထုတ်ဖော်ပြသ

ဝါရှင်တန် အောက်တိုဘာ ၂၃

အမေရိကန် နည်းပညာကုမ္ပဏီကြီး အမေဇုန်က ကုန်ပစ္စည်းထုပ်ပိုးမှုနှင့် ပို့ဆောင်ရေး စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသည့် ဉာဏ်ရည်တုနည်းပညာသုံး စနစ်သစ်ကို ထုတ်ဖော်ပြသခဲ့သည်။ ကုမ္ပဏီ၏ လုပ်သားအင်အားအပေါ် ဉာဏ်ရည်တုနည်းပညာ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လာချိန်တွင် ယခုကဲ့သို့ ပို့ဆောင်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့် နည်းပညာစနစ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါနည်းပညာသစ်တွင် ပို့ဆောင်ရမည့်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်သည့် စမတ်မျက်မှန်များပါဝင်သည်။ ဆန်းသစ်တီထွင်မှုများကို ကြည့်ရှုရန် မီဒီယာများအား ကယ်လီဖိုးနီးယားပြည်နယ်ရှိ



အမေဇုန်ကုမ္ပဏီ၏ ပို့ဆောင်ရေးစင်တာသို့ ဖိတ်ကြားခဲ့ကြောင်း သိရသည်။ စမတ်မျက်မှန်များသည် ပစ္စည်းပို့ဆောင်ရမည့် တည်နေရာကို ရှာဖွေရာတွင် ယာဉ်မောင်းသူများအား အထောက်အကူပြုနိုင်ရန်အတွက် မြေပုံများကို ပြသပေးနိုင်သည်။ ထို့ပြင် ဂိုဒေါင်များတွင် အသုံးပြုရန် ဒီဇိုင်းထုတ်ထားသည့် Blue Jay အမည်ရှိစက်ရုပ်စနစ်သည် ပစ္စည်းများ ရွေးချယ်ခြင်းနှင့် စီစဉ်ခြင်းတို့ အပါအဝင် လုပ်ငန်းများစွာကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်သည်။

အဆိုပါတီထွင်ဆန်းသစ်မှုများသည် အမေဇုန်ကုမ္ပဏီ၏ အလုပ်အကိုင်ပေါင်းများစွာအပေါ် သက်ရောက်မှုရှိနိုင်သည်။ အမေဇုန်ကုမ္ပဏီက လာမည့်နှစ်များတွင် အလုပ်သမား ခြောက်သိန်းကျော်ကို စက်ရုပ်များဖြင့် အစားထိုးရန် စီစဉ်နေကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက အောက်တိုဘာ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

အစားထိုးမည့် အဆိုပါအလုပ်အမားအရေအတွက်သည် အတိအကျမဟုတ်ကြောင်း အမေဇုန်ကုမ္ပဏီ၏ စက်ရုပ်နည်းပညာဌာန အကြီးအကဲ တေဘရာဒီက ပြောကြားသည်။ သို့သော် ဉာဏ်ရည်တုနည်းပညာနှင့်ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုများသည် ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# အွန်လိုင်း လောင်းကစားလုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေး တည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သောဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များသည် အွန်လိုင်းအခြေပြုလောင်းကစား Website များ တည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ပေါ်ပေါ်ထင်ထင် ကြော်ငြာမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဖော်ထုတ် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

**ဖော်ထုတ်ဖမ်းဆီးရမိ**


ထိုသို့ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲရပ်ကွက် အမှတ်(၁၈၈)ရှိ Secret Villa Private Resort ၌ Ibet 789 အွန်လိုင်း ဘောလုံးလောင်းကစား Website လုပ်ငန်းလုပ်ကိုင်နေသူများရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ Super Senior Agent ဖြစ်သူ ယဉ်မင်းလှိုင်နှင့် မာရီယာ(ခ)မီးလေး၊ Senior Agent ဖြစ်သူ ဝင်းပပအောင်တို့ အပါအဝင် တရားခံ ၁၄ ဦးနှင့် လက်ကိုင်ဖုန်း ၂၃ လုံး၊ မော်တော်ယာဉ် သုံးစီးတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက် ရတနာလမ်း အမှတ်(၉၉)ရှိ The Lord စားသောက်ဆိုင်အနီး၌ Super Senior Agent ဖြစ်သူ ဖြိုးမင်းသူ(ခ)ရောင်နီ အပါအဝင် တရားခံသုံးဦးနှင့်အတူ လက်ကိုင်ဖုန်း ငါးလုံး၊ မော်တော်ယာဉ် သုံးစီးတို့ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) ခေမာလမ်း အမှတ် (၆၇၆) ရှိ နေအိမ်၌ Ibet 789 အွန်လိုင်းလောင်းကစား လုပ်ငန်းလုပ်ကိုင်ရန် စည်းရုံးသိမ်းသွင်းခဲ့သည့် Super Senior Agent ဖြစ်သူ ဇင်မင်းအောင်(ခ) ဇင်ကြီး အပါအဝင် တရားခံသုံးဦးနှင့်အတူ လက်ကိုင်ဖုန်း ခုနစ်လုံး၊ လက်တော့ပ်တစ်လုံး၊ မော်တော်ယာဉ်တစ်စီး တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် လမ်း ၄၀၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ Focus ဟိုတယ်၌ Super Senior Agent ဖြစ်သူ ပြည့်ဖြိုးအောင် (ခ)မင်းထက်၊ Agent ဖြစ်သူ မေမြတ်နိုးတို့နှင့်အတူ လက်ကိုင်ဖုန်းငါးလုံး၊ လက်တော့ပ်တစ်လုံး၊ မော်တော်ယာဉ်တစ်စီး တို့ကိုလည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၂) ရပ်ကွက် Eleven Minimart ရှေ့၌ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် တရားခံ ငါးဦးနှင့်အတူ လက်ကိုင်ဖုန်းကိုးလုံး၊ Tablet နှစ်လုံးတို့ကို လည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် Ibet 789 Online ဘောလုံးလောင်းကစား Website၊ 555 Mix ဘောလုံးလောင်းကစား Website၊ Moung 556 ဘောလုံးလောင်းကစား Website၊ Batman 688 Slot လောင်းကစား Website၊ Shan 234 ဖဲလောင်းကစား Website နှင့် 2D/3D လောင်းကစား Website စသည့် လောင်းကစားလုပ်ငန်းတို့တွင် ကော်မရှင်စား Agent များအဖြစ် အလုပ်လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားရကြောင်း၊ Agent အဖြစ် လုပ်ကိုင်ခွင့်ရရှိပါက User များရရှိရန်အတွက် ၎င်းတို့၏သက်ဆိုင်ရာ လောင်းကစား Website များ၏ Facebook Group နှင့် Telegram Group တို့တွင် Viber ဖုန်းနံပါတ်များ

**စာမျက်နှာ ၁၅ သို့** ■

တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေ






မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ယဉ်မင်းလှိုင် အပါအဝင် ကျား ငါးဦး၊ မ ကိုးဦး စုစုပေါင်း ၁၄ ဦး မှတ်တမ်းဓာတ်ပုံ။



ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် ငါးဦး၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကင်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဖြိုးမင်းသူ(ခ) ရောင်နီ အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



ပြင်ဦးလွင်မြို့၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဇင်မင်းအောင်(ခ) ဇင်ကြီး အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ပြည့်ဖြိုးအောင်(ခ) မင်းထက်နှင့် မေမြတ်နိုးတို့၏ မှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သိန်းကျော်နှင့် ဘိန်းဖြူ ၂၉ ကီလိုကျော် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သိန်းကျော်နှင့် ဘိန်းဖြူ ၂၉ ကီလိုကျော်သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီးတွင် ငြိမ်းချမ်းမောင်(ခ)ကုလားလေး မောင်းနှင်လာသော FORLAND အမျိုးအစားယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ထူးအောင်ကျော်ကို စစ်ကိုင်းမြို့နယ် ညောင်ပင်စင်ကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့မှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူမှာ မန်တုံမြို့နယ်နေ ယောရှ (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးများကို မိုင်းရယ်မြို့မှ သယ်ဆောင်လာကြောင်း သတင်းကွင်းဆက်အရ ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တောင်ဖီလာရပ်ကွက်တွင် ကျော်ဌေး မောင်းနှင်လာသည့် FORLAND အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိ ဘိန်းဖြူများကို ဝယ်ယူသူ ပေါင်ရှန်းဟောက်(ခ) ကိုချင်းအား ယင်းနေ့ညနေ ၅ နာရီတွင် ကလေးမြို့ စက်မှုဇုန်သွားလမ်း၌ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ပြစ်မှုကျူးလွန်သူ ငြိမ်းချမ်းမောင်(ခ)ကုလားလေးနှင့် ထူးအောင်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ ပေါင်ရှန်းဟောက်(ခ)ကိုချင်း၊ ကျော်ဌေး၊ လီလေးနှင့် စိုးမြင့်(ခ)ကုလားလေးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေး ဖော်ထုတ်ချက်အရ ဘိန်းဖြူများအား မိုင်းရယ်မြို့မှ ကလေးမြို့နယ်သို့ တာဝန်ခံသယ်ဆောင်ခဲ့သူများ ဖြစ်သည့် လီလေးကို ယင်းနေ့ညနေ ၆ နာရီတွင် ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ ဟိုတယ်တစ်ခုတွင်လည်းကောင်း၊ စိုးမြင့်(ခ)ကုလားလေးကို အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၇)တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှု ဖြစ်စဉ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁၃ ဒသမ ၀၄ ဘီလီယံ) နှင့် ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆၁၅ ဘီလီယံ) စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၀၁၅ ဘီလီယံ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၂ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Pyae" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခလုပ်ကျေးရွာနေ ကံသာအား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ခလောက်ချိုက်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၄ မှ

ပါရှိသည့် သက်ဆိုင်ရာ လောင်းကစား ကြော်ငြာပုံများကို ကြော်ငြာပေးရကြောင်း၊ ယင်းနောက် User များက Viber သို့ ဆက်သွယ်လာသည့် အချိန်တွင် Agent များက လောင်းကစား Website များတွင် ဝင်ရောက်ဆော့ကစားနိုင်ရန် အကောင့်ဖွင့်လှစ်ပေးကြောင်း၊ Agent လုပ်ကိုင်နေစဉ် User များ ပိုမိုရှာဖွေနိုင်ပါက Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း၊ Senior Agent လုပ်ကိုင်နေစဉ် ကော်မရှင်စား Agent များနှင့် User များ ပိုမိုရှာဖွေနိုင်ပါက Super Senior Agent အဖြစ်သို့ ပြောင်းလဲ လုပ်ကိုင်နိုင်ကြောင်း စိစစ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ Super Senior Agent များဖြစ်သူ ဇင်မင်းအောင်(ခ) ဇင်ကြီး၊ ဖြိုးမင်းသူ(ခ)ရောင်နီ၊ ပြည့်ဖြိုးအောင်(ခ) မင်းထက်၊ ယဉ်မင်းလှိုင်၊ မာရီယာနှင့် ခင်မောင်ဖြိုး (ခ)ဇော်ဝင်းတို့ ခြောက်ဦးက ချိတ်ဆက်ထားသည့် လောင်းကစား Website ရှိ Distributor Agent များထံမှ လောင်းကစားမှုပြုလုပ်နိုင်သည့် ယူနစ်များကို ဝယ်ယူပြီး Senior Agent များဖြစ်သူ ဝင်းပပအောင်နှင့် သက်ဖြိုးနိုင်တို့ နှစ်ဦးအပါအဝင် Senior Agent များအား ညှိနှိုင်းဈေးနှုန်းဖြင့် ပြန်လည်ရောင်းချကြောင်း၊ ထို့နောက် Senior Agent များမှ Master Agent များ၊ Agent များဖြစ်သူ သူရအောင်၊ သိန်းထိုက်အေး၊ မေမြတ်နိုး၊ အောင်မင်းခန့်၊ သိန်းထိုက်စံ၊ ကောင်းမြတ်သူ၊ ထက်ထက်နိုင်၊ ချမ်းမို့မို့ဖြိုး၊ ရတနာတိုးဝေနှင့် သဥ္ဇာငြိမ်းတို့ ၁၀ ဦးအပါအဝင် Agent များနှင့် လောင်းကစားမှုပြုလုပ်သည့် User များထံသို့ အဆင့်ဆင့်ငွေကြေးအမြတ်ယူ၍ ပြန်လည်ရောင်းချကြောင်း၊ ငွေလွှဲ/ငွေထုတ်ပြုလုပ်ခြင်းများကို မိုးဟိဏ်းထွန်း၊ ဇော်ထိုက်အောင်၊ ဟိန်းဇော်ဦး၊ စုပုံချစ်နှင့် မေသဇင်ထွန်း၊ အေးချမ်းအောင်၊ လျှံဖုန်းပိုင်၊ ဟိန်းသီဟ (ခ)ဂျိုကာနှင့် ငြိမ်းချမ်းမင်းတို့ ကိုးဦးအပါအဝင် ငွေလွှဲ/ငွေထုတ် ပြုလုပ်သူများက KBZ Special Account၊ KBZ Bank Account၊ AYA Bank Account၊ YOMA Bank Account၊ CB Bank Account၊ UAB Bank Account၊ A Bank Account၊ AYA Pay Account၊ Kpay Account နှင့် Wavepay Account များ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်တွင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၇ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ လက်ကိုင်ဖုန်း ၄၉ လုံး၊ လက်ပ်တော့ နှစ်လုံး၊ Tablet နှစ်လုံး၊ ယာဉ်ရှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထိရောက်စွာ အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ အွန်လိုင်းလောင်းကစားလုပ်ငန်း ပြုလုပ်နေသူများကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေးသတင်းထုတ်ပြန် ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဓနုဖြူမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ဓနုဖြူ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ တင်ပြသည့် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာကို တင်ပြခြင်း၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းသား စာရင်းစစ်အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်သည်။ ဆက်လက်၍ မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးက ဖတ်ကြားတင်ပြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ၂၃**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်းတို့တွင် အောက်တိုဘာ ၂၄ ရက်၌ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာအားကစားကွင်းနှင့် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလု ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် သဃ်္ဃန်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။



**သတင်းစဉ်**

# တန်ဆောင်တိုင်ချစ်သူ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ "တန်ဆောင်တိုင်ချစ်သူ" တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၄ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

"တန်ဆောင်တိုင်ချစ်သူ"တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် ရသ၊ D ဖြိုး၊ ကောင်းမိုးယံ၊ အောင်သူစန်း၊ မိုးပြည့်ပြည့်မောင်၊ သဥ္ဇာမြင့်မိုရ်၊ မေ့ချစ်သက်၊ ထက်ထက်စိုးစံ၊ ချိုသဲဦးနှင့် ခင်ဘုန်းမြတ်သာ တို့က မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် တစ်ခုဖြစ်သည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲကြပုံနှင့် သာယာကြည်နူးဖွယ်ကောင်းပုံ တို့ကို ရေးဖွဲ့သီကုံးထားသည့် တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့် အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၂၆ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ




၂၅ - ၁၀ - ၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၄၃)တွင် အမြဲတမ်းကြောက်တတ်သော ပိုပို သည် အရေးကြုံလာသောအခါ သူ၏သတ္တိကို အကျိုးရှိရှိ အသုံးပြုနိုင်ခဲ့ပုံကို သရုပ်ဖော်ထားသည့် "ကျားလေးပိုပို" မျက်နှာဖုံးကာတွန်း၊ သဘာဝအလျောက် ထူးခြားဆန်းပြားစွာ အပြာရောင်ဖြစ်နေသော ရေပြာအိုင်များနှင့်ရေပြာတွင်းများအကြောင်းကို ဗဟုသုတရဖွယ် ရေးသားထားသည့် "ရေပြာအိုင်များနှင့် ရေပြာတွင်းများအကြောင်း သိကောင်းစရာ"သုတဆောင်းပါးကဏ္ဍ၊ သူတစ်ပါး၏ အားနည်းချက်ကို အနိုင်ယူကာ ပြောခဲ့သော်လည်း မိမိဒုက္ခရောက်သောအခါ ထိုသူငယ်ချင်းက ကူညီခဲ့၍ နောင်တရနေသော ကောင်းထက်စံအကြောင်းကို သရုပ်ဖော်ထားသည့် "မြဂျိုးနှင့် သူ၏ သူငယ်ချင်း" နှစ်မျက်နှာကာတွန်း၊ ကျောက်လိုဏ်ဂူအတွင်းတွင် ကွန်ရက်ရက်ကာ အိမ်တည်ဆောက်နေသော ပင့်ကူလေးကို အတုယူ၍ ဆောင်ရွက်ခဲ့သောကြောင့် အောင်မြင်မှုရရှိခဲ့သော သားတော်ကြီးအကြောင်းကို ရေးသားထားသည့် "ပင့်ကူလေးရဲ့ ဥပမာ" ပုံပြင်ကဏ္ဍ၊ မိခင်မသိအောင် ငါးကြော်ယူစားပြီး ကြောင်စားသည်ဟု အပြစ်လွှဲချမိ၍ နောင်တရနေသော မြဂျိုးအကြောင်းကို ရေးသားထားသည့် "မြဂျိုးနှင့် ငါးကြော်" ဝတ္ထုကဏ္ဍ၊ ဥစ္စာပစ္စည်းကို မက်မောကာ မိမိအသက်သခင်ကို ဒုက္ခရောက်အောင် ပြုလုပ်မိခဲ့၍ မြို့စားကြီး၏ ကြိမ်ဒဏ်ပေးခြင်းကို ခံခဲ့ရသည်ကို သရုပ်ဖော်ထားသည့် "ကတိ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းကို ကြောင်ချေးလူးမိစေရန် စနောက်ရာမှ မွေးနေ့တွင်ကျွေးမည့် မုန့်ဟင်းခါးနှင့် မုန့်ဖိုးငွေတို့ လက်လွှတ်သွားခဲ့ရပုံကို သရုပ်ဖော်ထားသည့် "စောဟန်နှင့် ရွှေရိုးလက်စွပ်ပျောက်လို့ပါ" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်အသုံးများအပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စာအရေးအသားများကို လေ့လာနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

# ဘားအံမြို့နယ်၌ အောင်နိုင်တိုးမျိုးစပါးစိုက်ခင်း ဖြစ်ထွန်းနေမှုများ ကွင်းဆင်းကြည့်ရှု

ဘားအံ အောက်တိုဘာ ၂၃

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်လုံ(အနောက်)အုပ်စု ကော့မကယ်ကျေးရွာရှိ မိသားစုစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက အသင်းအချင်းချင်း ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် ပါဝင်စိုက်ပျိုးထားသည့် အသင်းသားတောင်သူ နော်ဖောကြည်၏ လယ်မြေများတွင် အောင်နိုင်တိုး မျိုးစပါးစိုက်ခင်းသို့ အောက်တိုဘာ ၂၁ ရက်တွင် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစဉ် သွင်းအားစုထည့်သွင်းသုံးစွဲမှု နည်းစနစ်မှန်ကန်ရေး၊ မြေဩဇာအချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး၊ ပိုးမွှားအန္တရာယ်မရှိစေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ စပါးများ ရိတ်သိမ်းချိန် အလေအလွင့်မရှိစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**○ ဆီးဂိမ်းပြိုင်ပွဲမှ**

စီနီယာကစားသမားအချို့ကို ချန်လှပ်ကာ လူငယ်ကစားသမားများ၊ မျက်နှာသစ်ကစားသမားများ ဦးစားပေးရွေးချယ်ထားခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ပတ္တရားပီခွန်က ဆက်လက် ကိုင်တွယ်လျက်ရှိသည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားဖူဆယ်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ငါးသင်းသာရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်ထိုင်းအသင်း အပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- မိုင်းစိုးမြတ်ထွေး၊ မျိုးကိုကိုဦး (MIU)၊ ကျော်ရဲသွေး (Winner Generations)၊ ကျော်ဇင်မျိုးဦး(YRG)၊ ကစားသမား- မင်းခန့်၊ သက်ထွန်း၊ မင်းခန့်သူ၊ စိုင်းပြုံးအောင်၊ ထွန်းအောင်ကျော်(MIU)၊ အောင်ကျော်ဖြိုး(United City)၊ ရှိုင်းထက်အောင်၊ ဝေယံဖြိုး၊ မျိုးသက်ကျော်(VUC)၊ မင်းချစ်သူ၊ မင်းထက်နိုင်(M2K)၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော်၊ စည်သူအောင်၊ သက်နောင်(YRG)၊ ဆက်ဝေယံ၊ ထွဋ်ထွဋ်လွင်(Winner Generations)၊ ထွန်းထွန်းဝင်း(ပြည့်စုံ FC)၊ ဂျင်မီစိုး (YCDC MHDT)၊ ထူးဝေယံ(ဟံသာဝတီ) တို့ ပါဝင်ကြသည်။

**သတင်း - ချစ်ကိုကို**
**ဓာတ်ပုံ - MFF**

**❂ MNL မှ**

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး အားကုန်ထုတ်ကစားပြီး ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၃၀ တွင် ဆုမင်းအောင်က သွင်းယူသည်။

ပြိုင်ပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက် အသင်းက ၅၉ မှတ်ဖြင့် ချန်ပီယံ၊ အား/ကာသိပ္ပံအသင်းက ၅၇ မှတ်ဖြင့် ဒုတိယ၊ ရှမ်းယူနိုက်တက်အသင်းက ၅၂ မှတ်ဖြင့်တတိယရရှိပြီး ရန်ကုန်ယူနိုက်တက်အသင်း က ၅၁ မှတ်၊ Junior Lions အသင်းက ၄၄ မှတ်၊ Falcon အသင်းက ၄၁ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၃၇ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းက ၃၅ မှတ်စီ၊ ရတနာပုံအသင်း က ၃၃ မှတ်၊ ရာမညယူနိုက်တက်အသင်း က ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ Dagon Port အသင်းက ၁၁ မှတ် အသီးသီးရရှိခဲ့ကြသည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MNL**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)
## မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာ ဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်နေ့တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့ နှင့် မဟာဗိသုကာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ရေနံအင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) ဗိသုကာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ်သင်တန်း ဖြစ်ပါသည်။ မဟာဘွဲ့အကြို သင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်–

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာ/ ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့/ မဟာဗိသုကာဘွဲ့သင်တန်းများသို့တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်တို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံခြင်းနှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့ အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့/မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(မန္တလေး)မှ (၅–၁၁–၂၀၂၅)ရက် (ဗုဒ္ဓဟူး)နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး (၁၃–၁၁–၂၀၂၅)ရက် (ကြာသပတေး)နေ့ နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(မန္တလေး)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၃–၁၁–၂၀၂၅)ရက် (ကြာသပတေး)နေ့တွင် စတင်ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(မန္တလေး)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| (၁၇–၁၁–၂၀၂၅)ရက် (တနင်္လာ)နေ့ | အင်္ဂလိပ်စာ | နံနက် (၉:၀၀)မှ (၁၂:၀၀) |
| (၁၈–၁၁–၂၀၂၅)ရက် (အင်္ဂါ)နေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက် (၉:၀၀)မှ (၁၂:၀၀) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(မူရင်း)ကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၁၉–၁၁–၂၀၂၅)ရက် (ဗုဒ္ဓဟူး)နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀–၁၁–၂၀၂၅)ရက် (ကြာသပတေး)နေ့၌ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာအင်ဂျင်နီယာဘွဲ့/ မဟာဗိသုကာဘွဲ့သင်တန်း တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို (၂၁–၁၁–၂၀၂၅)ရက် (သောကြာ)နေ့တွင် ထုတ်ပြန်ကြေညာပေးပါမည်။

**နည်းပညာတက္ကသိုလ်(မန္တလေး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
## မဟာအင်ဂျင်နီယာ/မဟာသိပ္ပံ ဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ( ၂၄ )ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ/ မဟာသိပ္ပံဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) သတ္တုဗေဒအင်ဂျင်နီယာ
(ဇ) နျူကလီယားအင်ဂျင်နီယာ
(ဈ) ဇီဝနည်းပညာ

၂။ အထက်ပါ မဟာအင်ဂျင်နီယာ/မဟာသိပ္ပံ ဘွဲ့သင်တန်းများသည် အချိန်ပြည့် သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြု သင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်–

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရပါမည်။
(ခ) သက်ဆိုင်ရာ အဓိက ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့/သိပ္ပံဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့/ မဟာသိပ္ပံဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါ ဝန်ထမ်း၏နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့/မဟာသိပ္ပံဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ (၅–၁၁–၂၀၂၅)(ဗုဒ္ဓဟူး)နေ့မှစ၍ထုတ်ပေးမည်ဖြစ်ပြီး (၁၃–၁၁–၂၀၂၅) (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအားစိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၃–၁၁–၂၀၂၅) (ကြာသပတေးနေ့)တွင် စတင်ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်–

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| (၁၇–၁၁–၂၀၂၅)ရက် (တနင်္လာ)နေ့ | အင်္ဂလိပ်စာ | နံနက်(၉:၀၀)မှ (၁၂:၀၀)နာရီ |
| (၁၈–၁၁–၂၀၂၅)ရက် (အင်္ဂါ)နေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉:၀၀)မှ (၁၂:၀၀)နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၁၉–၁၁–၂၀၂၅)(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀–၁၁–၂၀၂၅) (ကြာသပတေးနေ့)မှစ၍ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာအင်ဂျင်နီယာဘွဲ့/မဟာသိပ္ပံဘွဲ့ သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို (၂၁–၁၁–၂၀၂၅ )တွင် ထုတ်ပြန်ကြေညာပေးမည်။

**နည်းပညာတက္ကသိုလ်(ကျောက်ဆည်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၂၆၇)၊ (၂၄၀၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၆၇)၊ သုနန္ဒာလမ်း၊ (၃) ရပ်ကွက်၊ ဦးတက်ဖြိုး [၁၂/ဥကမ(နိုင်)၀၂၂၅၃၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးတက်ဖြိုး (ခင်ပွန်း) သည် (၁၀–၃–၂၀၂၂) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းတင် [၁၂/ဥကမ(နိုင်)၀၂၂၅၃၆] မှ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်– ၆/၁၅၃၄/၂၀၂၅ /၂၃–၆–၂၀၂၅၊ ထောက်ခံကျမ်းကျိန်(၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၊ မြေကွက်အမှတ် (၁၀၇၇)၊ မြေကွက်တည်နေရာအမှတ် (၁၀၇၇)၊ ရာဇသူရလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးလှရွှေ [YKI–၀၀၃၅၆၉]၊ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ (ဖခင်)နှင့် ဒေါ်ခင်မြင့် (မိခင်)တို့ ကွယ်လွန်သဖြင့် ကိတ္တိမမွေးစားခြင်း စာချုပ်အမှတ် (၄၃၈၀/၂၀၂၅) (၂၈–၅–၂၀၂၅) ဖြင့် ရရှိသူ ဦးမိုးသော် [၉/ကပတ(နိုင်)၀၀၇၅၃၈]၊ ဒေါ်ရွှေဝါစုလှိုင် [၉/သစန(နိုင်)၁၃၃၁၄၈]တို့မှ ကိတ္တိမသား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၅၈၃/၂၀၂၅) (၂၀–၈–၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဒေါ်နှင်းရင်လမ်း၊ အမှတ်–၁၁/၇၇ ဟုခေါ်တွင်သော (၂၀'x၃၇')ပေ အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်နေအိမ်တစ်လုံး၊ ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူများဖြစ်သော ဦးဝင်းဖေ [၁၂/သဃက(နိုင်)၀၇၂၀၄၆] နှင့် ဒေါ်ညိုညိုဝင်း[၁၁/မပန(နိုင်)၀၄၄၇၁၅]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသက်ဝင်း[၅/တဆန(နိုင်)၀၈၁၀၃၁]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇင်မာထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၀၇၃)**

**ဦးထွန်းလင်းကျော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၀၁၅)**

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း – ၀၉–၄၄၈၀၀၈၇၁၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ရတနာလမ်း၊တိုက်အမှတ်(၅၈)၊ ၂ခန်းတွဲ(၆)ထပ်တိုက်၊ပထမထပ်(ဝဲဘက်)(ခြေရင်းခြမ်း)၊အကျယ်အဝန်း(၁၂ပေခွဲX၅၀ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဒေါ်စီသားဒေဝီ(၁၃/နစန(နိုင်)၀၂၄၆၃၇)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးအောင်ကျော်ထွန်းLL.B.,L.L.M
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃)

ဒေါ်မြတ်ဖူးငုံ LL.B.
အထက်တန်းရှေ့နေ(စဉ်–၅၆၉၁၅)

တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း၀၉–၄၀၈၁၈၅၅၉၉၉။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံရပ်ကွက်၊ ရာဇဓိရာဇ်(၆)လမ်း၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ် (၁၀၄၂)၊ အကျယ်အဝန်းပေ (၄၀x၆၀)ပေ အကျယ်ရှိ ဂရန်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုံးချင်းအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မူမူခင် (EMDY–273964) အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်မှစတင်၍ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးမြင့်သောင်း [၁၄/ကလန(နိုင်) ၀၃၄၈၉၇]မှ ၎င်းသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာအောင် [၉/မမန(နိုင်)၀၀၀၀၈၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၉၁၅၈၈၊ ၀၉–၇၅၉၆၉၇၅၉၈**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်ဖြိုးဝေ [၈/ရစက(နိုင်)၂၁၇၃၆၅]နှင့် ဒေါ်မေစံပယ်ကျော် [၁၄/ဟကက(နိုင်)၀၁၁၁၂၄] မလေးရှားနိုင်ငံတွင်(ခေတ္တ)နေထိုင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဇနီးမောင်နှံနှစ်ဦးတို့သည်(၆–၁၁–၂၀၂၂)ရက်နေ့မှစ၍ မလေးရှားနိုင်ငံတွင် နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်းနေထိုင်ပြီး၊ ယနေ့အချိန်ထိ ရိုးသားအေးချမ်းစွာ အလုပ်လုပ်ကိုင်နေထိုင်လျက်ရှိသူများဖြစ်ကြပါသည်။ ထိုသို့ မလေးရှားနိုင်ငံတွင် ခေတ္တရောက်ရှိ အလုပ်လုပ်ကိုင်နေထိုင်ကြသူများဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် မည်သည့် စီးပွားရေးလုပ်ငန်းမှလုပ်ကိုင်ကြသူများမဟုတ်ပါ။

ယခုအခါမြန်မာနိုင်ငံတွင် ကျန်ရှိသည့် ဒေါ်မေစံပယ်ကျော်၏ အစ်မဖြစ်သူ ဒေါ်မေသဇင်ဦး [၁၂/ဒဂမ(နိုင်)၀၂၁၂၃၂]ကိုင်ဆောင်သူ၏ ငွေကြေးပြဿနာကိစ္စရပ်များကို ကြားသိရပါသည်။ ထို့ကြောင့် ဒေါ်မေသဇင်ဦးနှင့် ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေး ကိစ္စရပ်များအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေများနှင့်လုံးဝပတ်သက် ဆက်ဆိုင်မှုမရှိကြောင်း၊ မည်သည်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ –**
**ဒေါ်မေသူအောင်(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၅၅)**
**အမှတ်(၁၆၄)၊ ခေမာ(၃)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၂၁၀၆၄၄၈၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နိုင်ငံခြားရေးဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)ရာထူး(၂၀)နေရာ အတွက် လျှောက်ထားနိုင်ပါသည်။ (လျှောက်လွှာပုံစံကို နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် Facebook Page တို့တွင် ရယူနိုင်ပါသည်။)

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေး လျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများ ပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ ကြော်ငြာသည့်နေ့မှစ၍ ၂၈-၁၁-၂၀၂၅ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက်လျှောက်လွှာတင်သွင်းနိုင်သည်။ Online မှ လျှောက်ထားလိုပါက https://tally.so/r/mJN4zK တွင် ဖြည့်သွင်း၍ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့(အထူးပြုဘာသာရပ်များ)/ဥပဒေဘွဲ့/နိုင်ငံခြားဘာသာဘွဲ့များ/ စီးပွားရေးဘွဲ့များ/ ကွန်ပျူတာဘွဲ့များ။

(ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။

(ဃ) ရိုးရိုးဘွဲ့ရဖြစ်ပါက ၂၈-၁၁-၂၀၂၅ ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။

(င) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းခန့်ဝန်ထမ်း) (သို့မဟုတ်) မဟာဘွဲ့ရရှိပြီးဖြစ်ပါက ၂၈-၁၁-၂၀၂၅ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်စေရ။

(စ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဟု ကတိခံဝန်ချက်ရေးထိုးရမည်ဖြစ်ပြီး ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၂၀)သိန်း(ကျပ်နှစ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

(ဆ) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာမိတ္တူ၊ အခြားတတ်ကျွမ်းသောဘာသာရပ် (ဘာသာစကား/ကွန်ပျူတာ) အောင်လက်မှတ်များ (ရှိလျှင်) ။

(ဇ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း မှတ်တမ်း(မူရင်း၊ မိတ္တူ)။

(ဈ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကျေးရွာ/ရပ်ကွက်ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ(မူရင်း၊ မိတ္တူ)။

(ည) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း၊ မိတ္တူ)။

(ဋ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း၊ မိတ္တူ)။

(ဌ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

(ဍ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စုစုပေါင်း(၃)နာရီမေးခွန်းဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည် ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန website နှင့် Facebook Page တို့တွင် အသိပေးဖော်ပြသွားမည်** ဖြစ်ပါသည်။

၅။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား စသည်တို့ကို မူရင်းတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက **နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၃၄** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ ရတနာလမ်းသစ်လမ်း၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ် (၂၀၁)အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီရိဖြိုး [၁၂/ဗဟန(နိုင်)၀၉၆၄၆၆]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးဇော်မင်းအောင် [၁၂/ဗဟန(နိုင်)၀၀၇၃၇၀]က တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၆)၊ ဦးပိုင်အမှတ် (၁၂-စ)၊ ၃၆ လမ်း၊ ၇၅x၇၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြတ်စုငြိမ်း [၉/စကတ(နိုင်)၀၇၀၈၂၇]က အမှုတွဲအမှတ်(၃၁၁၀/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာအုပ်စု၊ အမှတ်(၂)ရပ်ကွက်၊ အောင်သုခလမ်းရှိ ဦးအောင်သန်း ပြေစာအမည်ပေါက် မြေကွက်အတွင်းမှ တစ်စိတ်တစ်ပိုင်းဖြစ်သော အကျယ်အဝန်း အလျား ၄၀ပေx အနံ ၃၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်သန်း [၁၂/မဘန(နိုင်)၀၄၀၆၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်း [၁၂/အစန(နိုင်)၁၇၉၄၈၀]နှင့် ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းဌေးတို့က (၂-၁-၂၀၁၆)ရက်နေ့တွင် အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အရ ငွေအပြေအကျေပေးချေကာ ဝယ်ယူ၍ လက်ရောက်လွှဲပြောင်းရရှိပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိသူများဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းဌေးသည် (၁၆-၁၂-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်ကို ခင်ပွန်းဖြစ်သူ ဦးနေလင်း တစ်ဦးတည်းသာ လက်ရှိပိုင်ဆိုင် အကျိုးခံစားသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ဦးနေလင်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမဆို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အခြားပိုင်ဆိုင်မှုဆိုင်ရာ လုပ်ဆောင်မှုများ ဆောင်ရွက်ခွင့်မပြုပါကြောင်းနှင့် တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးနေလင်း** | **ဒေါ်တင်မိုးမြတ်(LL.B)** |
| **[၁၂/အစန(နိုင်)၁၇၉၄၈၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၅၈၁)** |

**ဒဂုံမြို့သစ်မြောက်ပိုင်းတရားရုံးရှေ့၊ ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/တိုးချဲ့)၊ မြေကွက်အမှတ်- ၁၈၇/က၊ ဧရိယာ (၀.၀၂၇)ဧက အကျယ်အဝန်းရှိ ဦးမင်းအောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်- ၁၈၇/က၊ ဦးဝိစာရလမ်း၊ (၄၂/တိုးချဲ့) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးအောင်နိုင် [၁၂/ပဇတ(နိုင်) ၀၁၁၁၁၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြင့်(ခ)လင်းလင်း [၁၃/လရန(နိုင်) ၀၉၄၃၅၂]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B., W.I.P.O (Switzerland)** | **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၁၇၇၆၂)** | **(စဉ်- ၁၂၂၄၁)** |

**အမှတ်- ၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၉၃၉၇၀၊ ၀၉-၅၄၀၉၉၀၇၊ ၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ မြေကွက်အမှတ်- ၃၀၇၊ မြေအကျယ်အဝန်း (၄၀'x၆၀')၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ဝါဝါလှိုင် [၁၂/သဃက(နိုင်) ၁၃၈၅၂၂] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်အမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝါဝါလှိုင်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဒေါ်ကြည်ဖြူထင်ကျော် [၁၄/ဘကလ(နိုင်) ၂၃၄၇၄၄]က လက်ရောက်ရယူ၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ဒေါ်ကြည်ဖြူထင်ကျော်က အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ စတင်ရေတွက်၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသီတာမင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၀၇၃)**
**ဖုန်း- ၀၉-၄၄၃၁၁၅၆၆၅၊ ၀၉-၇၉၅၉၆၉၅၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/က)၊ မြေကွက်အမှတ် (၁/ည)၊ မြေကွက်တည်နေရာအမှတ် (၁/ည)၊ စွန်းလွန်းဂူကျောင်းလမ်းနှင့် သုဒဿန (၂)လမ်းထောင့်၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးလှအောင်၊ ဒေါ်ကျင်ဆိုင် အမည်ပေါက် B-မြေပိုင်မြေအား မြေကွက်ခွဲစိတ်ခဲ့သော မူလမြေကွက်အမှတ်(၁)၊ ဧရိယာ (၈.၃၁၉)ဧကကို အမည်ပေါက်များ ကွယ်လွန်သဖြင့် ၎င်းတို့ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၅၇/၉၄) (၇-၄-၁၉၉၄)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးငွေစိုး၊ ဒေါ်မူမူအောင်၊ ဦးဝင်းအောင်၊ ဒေါ်ခင်မာလင်းတို့ (၄)ဦးအနက်မှ ဦးဝင်းအောင်ကွယ်လွန်သွားပါသဖြင့် ၎င်း၏အစုအတွက် ပိုင်ဆိုင်စာချုပ်အမှတ် (၈၆၅/၂၀၂၀)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်ရင်ရင်လှနှင့် ကျန်ပိုင်ဆိုင်သူ ဦးငွေစိုး၊ ဒေါ်မူမူအောင်၊ ဒေါ်ခင်မာလင်းတို့ (၄)ဦးအနက်မှ ဒေါ်ခင်မာလင်း(မိခင်)သည် (၂၁-၇-၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ ဦးမြင့်သိန်း(ဖခင်)သည် (၇-၇-၁၉၉၂) ရက်နေ့တွင် အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်မာလင်း၏အစုအတွက် ဒေါ်ယဉ်မွန်အောင် [၁၂/မရက(နိုင်)၁၀၈၀၆၅]၊ ဦးလင်းထွဋ်အောင် [၁၂/မရက(နိုင်) ၁၃၅၃၈၀]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၄၉၇/၂၀၂၅) (၂၄-၄-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပိုင်ဆိုင်စာချုပ်အမှတ် (၅၅၇/၉၄)၊ ပိုင်ဆိုင်စာချုပ်အမှတ် (၈၆၅/၂၀၂၀)တို့ တင်ပြလျက် ကျန်အမွေဆက်ခံခွင့်ရှိသူ ဦးငွေစိုး [၁၂/ရကန(နိုင်)၀၅၂၄၃၇]၊ ဒေါ်မူမူအောင် [၁၂/ရကန(နိုင်)၀၅၂၃၂၆]၊ ဒေါ်ရင်ရင်လှ(ခ)ဒေါ်ဟယ်လင် [၁၂/ရကန(နိုင်) ၀၅၈၄၁၁]တို့နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၂၄)ရက်(သောကြာနေ့)ညတွင် တန်ဆောင်တိုင်ပွဲတော်ကာလနှင့် သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **"တန်ဆောင်တိုင်ချစ်သူ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်-

(၂၄-၁၀-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"တန်ဆောင်တိုင်ချစ်သူ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တန်ဆောင်တိုင်ချစ်သူ | ပြင်ပအဆိုရှင် |
| ၂။ | ကမ္ဘာကျော်တဲ့ပွဲ | ပြင်ပအဆိုရှင် |
| ၃။ | ကျေးဇူးတင်ပါတယ်ရှင် | ပြင်ပအဆိုရှင် |
| ၄။ | ကြယ်ပြာလေးနဲ့ဝေးတဲ့နောက် | ပြင်ပအဆိုရှင် |
| ၅။ | ပွဲတော်ည | ပြင်ပအဆိုရှင် |
| ၆။ | ရိုးရာပွဲ | ပြင်ပအဆိုရှင် |
| ၇။ | ပျော်မဆုံးတဲ့တန်ဆောင်မုန်း | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | ရိုးမအလှ | ပြင်ပအဆိုရှင် |
| ၉။ | ရိုးရာမပျက်တဲ့မြေ | ပြင်ပအဆိုရှင် |
| ၁၀။ | လှမ်းခဲ့တော့လေချယ်ရီမြေ | ပြင်ပအဆိုရှင် |
| ၁၁။ | ငြိမ့်ငြိမ့်သဲသဲ | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး(တောင်)၊ အောင်သပြေ (၁)လမ်း၊ မြေကွက်အမှတ် (၄၈၂/ခ+၄၈၃/က) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၆-လွှာ၊ ခြေရင်းခန်း၊ (ပဉ္စမထပ်)၊ အကျယ်အဝန်း (၁၄ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးသာစိန် [၁၂/တမန(နိုင်)၀၁၉၈၄၀]မှ မိမိသာလျှင်တရားဝင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်သက်သက်မိုး [၁၀/မလမ(နိုင်) ၂၀၄၅၀၃]နှင့် ဒေါ်နှင်းဝေဝေထွန်း(ခ)မေသရဖီ [၁၀/မလမ(နိုင်)၂၁၈၉၈၂]တို့မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးပြည့်မျိုးသန့်(ခ)ဦးမျိုးသန့်** | **ဒေါ်တင်မိုးခိုင်** | **ဒေါ်ခင်စန္ဒာထွန်း** |
| **LL.B (စဉ်- ၁၀၅၇၇)** | **LL.B (စဉ်- ၄၂၁၆၉)** | **LL.B (စဉ်- ၅၁၃၆၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း- ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ကြံ့ခိုင်ရေးလမ်း၊ မြေကွက်အမှတ်(၇၄၅)၊ ဦးသောင်းခင် အမည်ပေါက် မြေချပါမစ်**ထွက်ရှိထားသော အကျယ်ပေ (၄၀x၆၀)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အနေအထားဖြင့် မြေကွက်ကိုမျက်နှာမူကြည့်လျှင် (ဘယ်ဘက်ခြမ်း) အကျယ် ပေ(၂၀x၆၀)၊ စတုရန်းပေ (၁၂၀၀)ရှိ မြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ **ဒေါ်နန်းအေးအေးစမ်း [၃/ကဆက(နိုင်)၀၁၂၈၆၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အေးအေးဝင်း [၁၂/အလန(နိုင်) ၀၃၈၆၄၈]**မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၂၇၄)**
**အမှတ်-(၉၃/ခ)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၁၁၄၃)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ လမ်းထောင့်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၁၀x၆၀)ပေရှိ ဗိုလ်မှူးမောင်မောင်သွင် (AB-၀၆၈၆၅၅)အမည်ပေါက် မြေချပါမစ်(မူရင်း)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်ချို [၁၂/ဥကမ(နိုင်)၀၄၁၄၂၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၉၈၉)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်မြင့်မြင့်ဦး[၁၂/အစန(နိုင်)၀၁၇၉၇၀] အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မေသော်တာဘို [၁၂/မရက(နိုင်)၁၅၈၇၅၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## (၁၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၃–၂၀၂၄ နှင့် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တို့တွင် ကျင်းပခဲ့သော ပါရဂူဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့(CHRD)၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်အထိ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံမတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် (၃)လအတွင်း ရိုက်ကူးထားသော (၁.၅ x ၂) လက်မအရွယ် ဆေးသားကောင်းသည့်ဓာတ်ပုံ အသစ်(၂)ပုံ (မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့်(မြန်မာ့ထဘီ၊အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။) ဘာသာရေး ဝတ်စုံဖြင့် တက်ရောက်ခွင့်မရှိပါ။ မှတ်ပုံတင်မူရင်း/မိတ္တူ၊ ကျောင်းသားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူတို့ကို ပူးတွဲ၍လျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးဖြစ်ပါက ဘွဲ့လက်မှတ်မူရင်း/မိတ္တူကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် (၁.၅ x ၂) လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံ(၃)ပုံ ယူဆောင်လာရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက သတ်မှတ်ကာလရောက်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်။

၅။ ဘွဲ့နှင်းသဘင်ပုံစံ တင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀ိ/–ကျပ် (ကျပ်တစ်သောင်းငါးထောင်တိတိ) ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀ိ/–ကျပ် (ကျပ်တစ်သောင်းတိတိ) ပေးသွင်းကြရပါမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ရန်ကုန်တက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order )ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

ဌာနမှူး
(သင်တန်းရေးရာ)
ရန်ကုန်တက္ကသိုလ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ ကျိုက်ကော်ကျေးရွာ၊ဦးပိုင်အမှတ်(၁၇၅)၊ ကွင်းအမှတ်–၅၈၆ (ကျိုက္ကော်အရှေ့ကွင်း)၊ မြေဧရိယာ(၀.၂၁)ဧကရှိ သထုံမြို့ မြေစာရင်းဌာနတွင် ဒေါ်နန်းဆိုင်စန္ဒီအမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိသော သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက်ကော်ဈေးတန်းရပ်၊ မင်းလမ်း၊ အမှတ် (၁၈) ဟုခေါ်တွင်သော အလျား (၄၃)ပေxအနံ (၁၃၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နန်းဆိုင်စန္ဒီထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခွန်ကောင်းမြင့် [၁၂/အလန(နိုင်)၀၀၂၄၈၀]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဆန်းဝင်း [၁၀/သထန(နိုင်)၀၈၉၅၀၆]နှင့် ဒေါ်စုစုထူး [၁၀/မလမ(နိုင်)၁၅၈၇၉၅]တို့က စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွဲ့သူ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၆၁၉)**
**အောင်မြေသာယာ (၄)လမ်း၊ ကုန်းတလပေါင်(တောင်ပိုင်း)ရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၆၀၄၀၂၂၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၃၅

**၁။ ဒေါ်တိုးတိုးအေး နှင့် ဒေါ်ခင်ကြည်**
**၂။ ဦးရန်နိုင်လင်း**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်–၄၀၃ နေ ဒေါ်ခင်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုများက**"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က)၊ မြေကွက်အမှတ်–၁၄၆(က)၊ မြေကွက်တည်နေရာအမှတ်–၁၄၆/က၊ ရတနာလမ်း၊ ၂၀/က–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးစိုးနိုင် (TGKN–၀၄၈၉၃၃) နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးစိုးနိုင် ခင်ပွန်းဖြစ်သူသည် (၂၆–၃–၂၀၂၄) ရက်နေ့တွင်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့် [၁၂/ဒဂတ(နိုင်)၀၀၃၁၁၄]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယားမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှအပ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ အမှတ်–၁၁၈၀/၂၀၂၅ (၂၇–၈–၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ ရိုးမဘဏ်လီမိတက်၊ တောင်ဒဂုံဘဏ်ခွဲ၏ (၂၀–၂–၂၀၂၅)ရက်စွဲပါ မြေစာရင်းပုံစံများကို ပယ်ဖျက်နိုင်ပါရန် ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်တိုက်(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်စန်းစန်းမြင့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ပုသိမ်မြို့၊ ကွမ်းခြံလမ်း၊ အမှတ်(၁)ရပ်ကွက်နေ ဦးမျိုးမြင့်(ခ) ကျော်မျိုး နိုင်ငံသားစိစစ်ရေးအမှတ် [၁၄/ပသန(နိုင်)၀၁၆၅၆၉] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ပုသိမ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည် –




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ် စသည့် အရွယ်အစားအမျိုးအစားဖြင့် ပုသိမ်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမှတ်အသားနှင့် ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်(ခ)ကျော်မျိုး**
**[၁၄/ပသန(နိုင်)၀၁၆၅၆၉]**
**09–5200904**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

